ရန်ကုန်မြို့

စမ်းချောင်းမြို့နယ်၊ ဘာဝနာလမ်း

ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ကြီး၏

မဟာနာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တဇဝန

ဆရာတော်ရေးသားပြုစုအပ်သော

# သင်တန်းမြတ်ပဋ္ဌာန်းကျမ်း

သာသနာ - ၂၅၃၈ ကောဇာ - ၁၃၅၆ ခရစ် - ၁၉၉၅



အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဇဝန

ရန်ကုန်မြို့။

ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ကြီး၏

ဦး စိး ပ ဓာ န - နာ ယ က ဆ ရာ တော်

နိုင်ငံတော်

စိစဥ်ရေးသားတော်မူသည်။

# မူလသင်တန်းမြတ်ပဋ္ဌာန်းကျမ်း

ဆဋ္ဌမအကြိမ်

ဓမ္မဒါန

ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ် - (၁၂/၉၅)(၂) / ၁ ကင်း

မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် - (၄၄/၉၅)(၂)

၁၉၉၅ ခုႏ ဖေဖော်ဝါရီလ

ဆဋ္ဌမအကြိမ်

အုပ်ရေ-၁၅၀၀

ဓမ္မဒါန

ထုတ်ဝေသူ

ဆရာတော်ဦးဇဝန

(အဂ္ဂမဟာကမ္မဋ္ဌာနစရိယ)

ဟာသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊

ရန်ကုန်မြို့။

ကွန်ပျူတာစာစီ

YWA

အမှတ်-၂၄၃/၁၊ ၃၅လမ်း(အထက်)၊ ဖုန်း-၇၄၉၆၈။

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်

ဒေါ်ခင်စန်း(၀၃၄၁၄)

ငွေပဒေသာပုံနှိပ်တိုက်

အမှတ်-၈၁ (အေ-၁၀)၊ စုပေါင်းလမ်း

အင်းယားမြိုင်၊ ရန်ကုန်မြို့။

အမှတ် ..........
ရက်စွဲ ..........

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဟေတုပစ္စည်း | ..... ၁ |
| ၂ | အာရမ္မဏပစ္စည်း | ..... ၆ |
| ၃ | အဓိပတိပစ္စည်း | ..... ၉ |
| ၄ | အနန္တရပစ္စည်း | ..... ၁၅ |
| ၅ | သမနန္တရပစ္စည်း | ..... ၁၈ |
| ၆ | သဟဇာတပစ္စည်း | ..... ၂၁ |
| ၇ | အညမညပစ္စည်း | ..... ၂၅ |
| ၈ | နိဿယပစ္စည်း | ..... ၂၈ |
| ၉ | ဥပနိဿယပစ္စည်း | ..... ၃၁ |
| ၁၀ | ပုရေဇာတပစ္စည်း | ..... ၃၅ |
| ၁၁ | ပစ္ဆာဇာတပစ္စည်း | ..... ၃၉ |
| ၁၂ | အာသေဝနပစ္စည်း | ..... ၄၂ |
| ၁၃ | ကမ္မပစ္စည်း | ..... ၄၅ |
| ၁၄ | ဝိပါကပစ္စည်း | ..... ၄၉ |
| ၁၅ | အာဟာရပစ္စည်း | ..... ၅၂ |
| ၁၆ | ဣန္ဒြိယပစ္စည်း | ..... ၅၆ |
| ၁၇ | ဈာနပစ္စည်း | ..... ၅၉ |
| ၁၈ | မဂ္ဂပစ္စည်း | ..... ၆၃ |
| ၁၉ | သမ္ပယုတ္တပစ္စည်း | ..... ၆၆ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | ဝိပ္ပယုတ္တပစ္စည်း | ..... ၆၉ |
| ၂၁ | အတ္ထိပစ္စည်း | ..... ၇၂ |
| ၂၂ | နတ္ထိပစ္စည်း | ..... ၇၇ |
| ၂၃ | ဝိဂတပစ္စည်း | ..... ၈၀ |
| ၂၄ | အဝိဂတပစ္စည်း | ..... ၈၄ |
| ၂၅ | ကျမ်းပြီးနိဂုံး ဧကပိုဒ်လင်္ကာ | ..... ၈၇ |
| ၂၆ | ပစ္စယနိဒ္ဒေသပါဠိ | ..... ၈၉ |
| ၂၇ | ၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်း | ..... ၁၀၆ |
| ၂၈ | ယောဂီအပေါင်းတို့အား သတိပေးကဗျာကြီး | ..... ၁၁၄ |
| ၂၉ | ၂၄-ပစ္စည်းပဋ္ဌာန်းဂီတိ ကဗျာကြီး | ..... ၁၁၅ |
| ၃၀ | အာရမ္မဏမျိုးမြင်ရာမှာ ပစ္စည်းဆက်ပုံကဗျာ | ..... ၁၁၆ |
| ၃၁ | ဝတ္ထုမျိုးမြင်ရာမှာ ပစ္စည်းဆက်ပုံကဗျာ | ..... ၁၁၇ |
| ၃၂ | အနန္တရမျိုးမြင်ရာမှာ ပစ္စည်းဆက်ပုံကဗျာ | ..... ၁၁၈ |
| ၃၃ | သဟဇာတမျိုးမြင်ရာမှာ ပစ္စည်းဆက်ပုံကဗျာ | ..... ၁၁၉ |
| ၃၄ | ကျက်မှတ်ထားရန် ပရိညာ ကဗျာများ | ..... ၁၂၀ |
| ၃၅ | ဓမ္မဒါနအလှူရှင်များ | ..... ၁၂၃ |

# အကြောင်းပြန်နိဒါန်း

## ဤမြည်သော ပဋ္ဌာန်းကျမ်းတော်ကြီးကား လွန်စွာသိမ်မွေ့ နက်နဲခက်ခဲလှပေသည်။

ထိုစကားသည် ဆိုတိုင်းမှန်လှပါပေသည်၊ (ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ) ဟု စာပေလောက ပရိယတ္တိလောကကို ပါရဂူရောက် မှန်သောက်မာတင် ပညာရှင် ဖြစ်တော်မူကြသော အရှင်ကောင်း အရှင်မြတ်ကြီးတို့ ကိုယ်တိုင် အခက်ဆုံးစာရင်းထဲ၌ သွတ်သွင်း မိန့်ကြားတော် မူခဲ့ဖူးမလပြီ။

သိမ်မွေ့ နက်နဲ ခက်ခဲလှသော ပဋ္ဌာန်းကျမ်းအပါအဝင် အဘိဓမ္မာ (၇)ကျမ်း၏ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့စဉ်ကို အနည်းငယ် ချဲ့ထွင်၍ ရှင်းပြလိုပါသည်။

သုံးလောကမှန်ကူ သယမ္ဘူရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်စ ခါကာလဝယ် သတ္တာဟ အပါအဝင် စတုတ္ထသတ္တာဟ ရတနာဃရ စံအိမ်တော်မြတ်ဌာန၌ မျှတ၊တ၊ရှင်ပျော် စံနေတော်မူစဉ်အခါ အဘိဓမ္မာ (၇)ကျမ်းကို ခုနစ်ရက်ပတ်လုံး စိတ်တော်ဖြင့်သာ ဆင်ခြင်တော်မူလေ၏၊ ယင်းကဲ့သို့အစဉ်အတိုင်း အဘိဓမ္မာကျမ်းများကို ဆင်ခြင် သုံးသပ်တော်မူရာ အဘိဓမ္မာအောက်ခြောက်ကျမ်းကို ဆင်ခြင်တော် မူပါသော်လည်း တန်ခိုးရောင်ခြည် ကွန့်လည်ဘွက်ကြွခြင်း မရှိသေးပေ။

# အကြောင်းပြနိဒါန်း

အနန္တနယ သမန္တပါသာဒိက အမည်ထူး ရဟော်မူသော ဉာဏသာဂရ မဟာပရဏ ပဋ္ဌာန်းကျမ်းကော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ပြောပမပြီး အံ့ချီးမကုန် တန်ခိုးတော်, ရောင်ခြည်တော်အဟုန်တို့သည် ရောင်စုံယှက်သန်း၍ အဆန်းတကြယ် ကွန့်မြူးထွက်ကြွတော်မူကြကုန်၏။

ဉာဏသာဂရ ဖြစ်တော်မူသော ပဋ္ဌာန်းကျမ်းတော်ကြီးကား ဤမျှလောက် သဗ္ဗညုတ ဉာဏ်တော်ကြီး၏ ကွန့်မြူးစံပယ်ရာဋ္ဌာနကောင်းကြီး ဖြစ်တော်မူပါပေ၏။

ထိုမှတစ်ဖန် ရှင်တော်မြတ်ဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက် ဝါတော်ကို သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်၏အရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာနှင့် ဖွေထက်စု၌ မျှတရွှင်ပြုံး သီတင်းသုံး စံနေတော်မူသောအခါ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ, နတ်သားကို အမှူးပြု၍ တစ်သောင်းသော စကြဝဠာတိုက်မှ ကျွတ်ထိုက်သော နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလအဆုံးကျအောင် အဘိဓမ္မာ (၇)ကျမ်းကို အကျယ်ဝေဖန်တော်မူ၍ ဝိတ္ထာရနည်းအားဖြင့် နှုတ်မဆိတ်ဟောကြားတော်မူခဲ့ပေသည်။

ယင်းကဲ့သို့ ဟောကြားတော်မူရာ နေ့အခါဝယ် နတ်ပြည်၌ နိမ္မိတကိုယ်တော်ထား ထားခဲ့ပြီးလျှင် လူ့ပြည် လူ့ရပ်သို့ သက်ဆင်းတော်မူခဲ့၍ ဟိမဝန္တာ တောင်အနီး စန္ဒကူးတောကြီး၌ မျှတပြုံးရွှင်နေသန့်စင်တော်မူလေသည်။

ထိုသို့ နေ့သန့်စင်ရာ စန္ဒကူးတောကြီးသို့ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဘုရားရှင်ရှိရာ ဌာနသို့ ကြွသွားတော်မူ၍ မြတ်စွာဘုရား ထံတော်ပါး၌ ဝပ်တွားညွတ်ခ ပြုလုပ်ဖွယ်အဝဝတို့ကို တစ်စမကျန် လုပ်ကျွေးတော်မူလေပြီ။ ထိုအချိန်ခါ၌ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားကို အကျဉ်းဆုံး သခေ်ပနည်းအားဖြင့် ဟောကြားတော်မူလေသည်။

နောက်ထပ်တစ်ဖန် အရှင် သာရိပုတ္တရာ မထေရ်မြတ်သည် လင်းနို့သားဘဝက ဝိဇ္ဇာမျိုး စ,ခဲ့ကြသော သာဝတ္ထိမြို့သား ရဟန်းငါးရာ တို့အား အဘိဓမ္မာတရားကို မကျဉ်းလွန်း၊ မကျယ်လွန်း အလယ်အလတ်နည်းဟု ဆိုအပ်သော (နာတိဝိတ္ထာရ–နာတိသခေ်ပ) နည်းအားဖြင့် သင်ပြဟောကြားတော်မူခဲ့၏။

လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန္တာငါးရာမှ တပည့်အဆက်ဆက် သံဃာယနာတင် အဆက်ဆက် ဆရာစဉ်ဆက် နှုတ်တက်အာဂုံ ဆောင်ရွက်တော်မူကြကုန်၍သာ မျက်မှောက်ခေတ်အခါသို့ အဖိုးထိုက် အဘိဓမ္မာရတနာတို့သည် ဆိုက်ရောက်ထွန်းကား၍ လာခဲ့ပေသည်။

ပိဋကတ်တော် ကွယ်ပဖို့ အကြောင်းအရာတို့တွင် အဘိဓမ္မာ ပိဋကတ်တော်သည် အလျင် ကွယ်ပလိမ့်မည်။ အဘိဓမ္မာ (၇)ကျမ်း တို့တွင်လည်း ပဋ္ဌာန်းကျမ်းကြီးသည်ကား ဦးစွာအလျင် တိမ်မြုပ်ကွယ်ပလိမ့်မည်ဟု အဆိုအမိန့် ရှိလတ်ရကား ထိုပဋ္ဌာန်း ကျမ်းကြီး မကွယ်မပ ထွန်းလင်းခွင့် ရနိုင်ရန်ကား ကြိုလာဆဲ

ဖြစ်ကြကုန်သော သာသနဝန်ဆောင် အရှင်မြတ်ကြီးတို့နှင့် သာသနာ အရေး အလေးအမြတ် စိတ်ထားကြကုန်သော လူဒါယကာ, ဒါယိကာမတို့၏အပေါ်မှာ အသီးသီးတာဝန်ရှိကြလေရာ အပွေါ သုက္က ကြောင့်ကြမဲ့ မနေကြမူ၍ ပဋ္ဌာန်းကျမ်းတော်ကြီးကို ထွန်းလင်းတောက်ပြောင် ကြီးပွားတိုးတက်ခွင့်ရအောင် စွမ်းဆောင် နိုင်သော အင်အားတို့ဖြင့် သင်ကြားပို့ချလေ့လာ ဟောပြောပွဲများ ပြုလုပ်သင့်လှပေသည်။

ယင်းကဲ့သို့ သင်ကြားပို့ချ ဟောပြောပွဲများ ပြုလုပ်ကြရာတွင် ပုဂ္ဂိုလ်အလိုက်၊ ခေတ်အခါအလိုက်၊ ကာလအလိုက်ဆိုသလို ကျင့်ဖို့ အရေးကြီးလှပေသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် နတ်ဗြဟ္မာတို့အား ဟောကြားတော်မူသောအခါ အကျယ်ဆုံးနည်းခေါ်သော (ဝိတ္ထာရ) နည်းကို အသုံးပြု၍ ဟောကြားတော်မူလေသည်။

ယိုမှတစ်ဆင့် မြတ်စွာဘုရားသည် အရှင် သာရိပုတ္တရာ မထေရ် အား ဟောကြားသောအခါ အကျဉ်းဆုံးနည်းခေါ်သော (သခ်ေပ) နည်းကို အသုံးပြု ဟောကြားတော်မူလေသည်။

ထိုမှတစ်ဖန် အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် လင်းနို့သား ဖြစ်ဖူးသော တပည့်ရဟန်းငါးရာတို့အား အဘိဓမ္မာ သင်ကြားဟောပြသောအခါ မကျယ်လွန်း၊ မကျဉ်းလွန်း၊ အလယ်အလတ်နည်းခေါ်သော (နာတိဝိတ္ထာရ–နာတိသခ်ေပ)နည်းကို

အသုံးပြု သင်ကြား ပြသတော်မူလေသည်။

အထက်ဖော်ပြပါ ဟောပြော ညွှန်ပြတော်မူကြကုန်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် ရှင်တော်မြတ်ဘုရားတို့၏ သင်ပြဟောကြားတော်မူပုံတို့ကို အလွန်ကြည်ညို နည်းယူလျက်–

မျက်မှောက်ခေတ် (၂၀)ရာစု ဗုဒ္ဓဘာသာဝင် သူတော်စင် လူ ယောဂီပုဂ္ဂိုလ်များနှင့် သင့်တင့်လျော်ကန် အံဝင်ခွင်ကျ ပဋ္ဌာန်းဉာဏ် အခြေခံကို ဧကန်ရရှိစေနိုင်သော ကျမ်းငယ်တစ်စောင် ထွက်ပေါ် လာရန် အမှန်ပင် လိုအပ်နေပြီဟု ယူဆမိပါသည်၊ ပဋ္ဌာန်းတရားတော် ၏ အဆီအနှစ်သာရတို့ကို တစတစသုံးဆောင် ခံစားနိုင်ရန်အတွက် အခြေပါဒ မူလတန်းက အစပြု၍ (ဤမူလသင်တန်း–မြတ်ပဋ္ဌာန်း ကျမ်း) စာအုပ်က ညွှန်ကြားသွားမည် ဖြစ်ပါသည်။

ဤစာအုပ်အတွင်းက စာသားများ အလွယ်ကူဆုံး စကားလုံးများ နှင့် အကျဉ်းသခ်ေပ နည်းများကိုသာ ဦးစားပေးစီစဉ်ထားသဖြင့် လွယ်ကူဖို့ဘက်က အလေးထားပြီး ဖြစ်နေလေပြီ။

ဤကျမ်းငယ်သည် အလယ်တန်း၊ အထက်တန်းစား ပဋ္ဌာန်းလူပုဂ္ဂိုလ် ယောဂီကြီးများအတွက် မဟုတ်သေးကြောင်းကို ပွဲဦးထွက် အနေအားဖြင့် ဖြေရှင်းချက် ပြုရပါသည်။

လွယ်ကူစွာ သင်ယူဖတ်ကြားနိုင်ရန်အတွက် .........

## ဤကျမ်း၏ စီစဉ်ချက်များမှာ

(၁) ပစ္စယုဒ္ဒေသ ပါဠိတော်၊
(၂) ၎င်းပါဠိတော်၏ အကျဉ်းဆုံးနိဿယ၊
(၃) ဆောင်ထားရန် လင်္ကာ၊ ကဗျာ၊
(၄) အဓိပ္ပါယ်ရှင်းလင်းချက်၊
(၅) ပစ္စည်းတိုင်းမှာ ကျက်မှတ်ရန် ကဗျာများ။

ဤငါးပါးတို့ဖြင့် တန်ဆာဆင်လျက် ပေါ်လွင်စွာ ရေးသားထားပေသည်။ ဤစာအုပ်ကို ကြည့်ရှုကျက်မှတ် လေ့လာကြပါလျှင် ရုပ်နာမ်တို့၏ အချင်းချင်း ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ, ကျေးဇူးပြုပုံ အလုံးစုံတို့ကို ပဋ္ဌာန်းဉာဏ်ငုံမိ၍ အကြောင်းရင်း ရုပ်နာမ်များကိုလည်းကောင်း, အကျိုးဆက် ရုပ်နာမ်တို့ကိုလည်းကောင်း, ပစ္စည်းတိုင်း ပစ္စည်းတိုင်းတို့၏ သတ္တိထူးရှိကြပုံကိုလည်းကောင်း သေချာဂန သိရှိကြလျက် .....

(၁) အကြောင်းပစ္စည်း အမှန်အကန်နှင့် အကျိုးပစ္စယုပ္ပန် အမှန်အကန်ကို ကေန်မိမိ သိရှိရ၍ ဖန်ဆင်းရှင်ယုံကြည်သော (ဣဿရ နိမ္မာနဒိဋ္ဌိ) ဘေးမှ ကင်းလွတ်ခွင့် ရနိုင်ခြင်း။

(၂) နတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံကို သဘောမိမိ ကေန်သိက (သဿတဒိဋ္ဌိ) ဘေးဆိုးမှ ကင်းလွတ်ခွင့်ရခြင်း။

(၃) အတ္ထိပစ္စည်း၏ ဆက်သွယ်နည်းကို သိရှိပါက (ဥစ္ဆေဒ ဒိဋ္ဌိ) ဘေးမှ ကင်းလွတ်ခွင့် ရနိုင်ခြင်း။

(၄) အကြောင်းဘက်, အကျိုးဘက် ၂–ဘက်လုံးမှာ လိုက်၍ ရှာသော် သူမပါ ငါမပါ သတ္တဝါကင်းဆိတ်၍ နေသည်ကိုသာ ဉာဏ်တွေ့, တွေ့ကြ၍ (အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ) ဘေးဆိုးကြီးမှ ကင်းလွတ်ခွင့် ရရှိနိုင်ခြင်း။

စသော သာသနာတော်မြတ်ကြီးအတွင်း အချိန်ကောင်းကြီးနှင့် ကြုံရသော ပုဂ္ဂိုလ်ထူးများသာ ရနိုင်သော ဒုလ္လဘအဖြာဖြာ ပဋ္ဌာန်းဒေသနာ အဝဝတို့ကို ပဒေသာတမျှ နေရာတကျ ဖြစ်ကြပြီးလျှင် သေချာစွာ ကိုယ်စီကိုယ်ငှ ရကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်၍ ဖြန့်ချိပြုစုအပ်ပါကြောင်း။

**ဦးစဝန (ဓမ္မာစရိယ)**
ညောင်ပင်ကျောင်းတိုက်၊ ကင်းစမ်းကျေးရွာ
ဘုတလင်မြို့နယ်။

## ပဋ္ဌာန်းဂုဏ်တော်ဖွင့်–ဗုဒ္ဓပဏာမ

နယေဟိ ပရိသမ္ပုဏ္ဏံ၊
မဟာပဋ္ဌာန နာမကံ။
ပဒုတ္တမံ အနန္တ ဖိနံ၊
ဝန္ဒာမိ ရတနာဃရေ။

ရတနာဃရေ–ဗောဓိပင်မှ နောက် မြောက်ကျသည့် စတုတ္ထ သတ္တာဟ ရတနာဃရ စံအိမ်တော်မြတ် ဌာန၌၊ ဝသန္တံ–သီတင်း သုံးမွေ့လျော် စံနေတော်မူစဉ်၊ (ဝါ) မွေ့လျော်ရွှင်ပြုံး သီတင်းသုံးတော်မူ သောအခါ ကာလ၌၊ နယေဟိ–ပစ္စယတစ်နည်း ပစ္စယုပ်နည်းတစ်ဖြာ ပစ္စယသတ္တိထူးပါ ရောစွက်လျက် ထက်မြက်လှငြား နည်းနာနယ အစားစားတို့ဖြင့်၊ ပရိသမ္ပုဏ္ဏံ–အာဒိကလျာ မရှေ့ပါ၍ ဝသာနည်းထုံ ထက်ဝန်းကျင် ပြည့်စုံလှပေသော။ ပဒုတ္တမံ–ပဆိုတဲ့ အက္ခရာတစ်ပုဒ်၊ ဋ္ဌာခိုတဲ့ အက္ခရာတစ်ပုဒ်၊ နဆိုတဲ့ အက္ခရာတစ်ပုဒ် သုံးပုဒ်သုံးလုံး အထွဋ်ဆုံး အမြတ်ဆုံးလည်း ဖြစ်ပေထသော၊ မဟာပဋ္ဌာန နာမကံ–အနန္တနယ နည်းပေါင်းစုံလွန်ပြည့်ဝသဖြင့် ရသ ဩဇာ ဆီနှစ်တွေ အဖြာဖြာတို့ဖြင့် လွန်စွာ ပြည့်လျှမ်း အနန္တနယ သမန္တပါသာဒိက အမည်ရှိသော မဟာပဋ္ဌာန်း ကျမ်းတော်ကြီးကို၊ အာဝဇ္ဇန္တံ–လေးသချေ နှင့် သိန်းနေကမ္ဘာ ရှာဖွေပါမှ ရလာပေငြား အာဝဇ္ဇနဝသီတော် သဗ္ဗညုတ ဉာဏ်တော်အားဖြင့် ပိုင်းခြားထင်ထင် ဆင်ခြင်တော်မူသော၊ အနန္တဇိနံ–လောကသုံးခွင် ဘုံအပြင်ဝယ် တုယှဉ်မရ အနန္တဇိနဟု နာမတံဆိပ် ခပ်နှိပ်ပေါ်ထင် အောင်မြင်တော်မူသော ဘုရားရှင်

ကိုယ်တော်မြတ်ကြီးကို၊ (အဟံ) ပဋ္ဌာန်းစက်ယူ ကနက်ထူလျက် မင်္ဂချူပို့လ်လှမ်း ဆုရွယ်မှန်းပေသော တပည့်တော်သည်၊ ဝန္ဒာမိ- မနော၀မ်းမြူး စိတ်ကြည်နူးလျက် ရှင်မြူးသဒ္ဒါ လက်ဆယ်ဖြာတို့ဖြင့် ထိပ်လယ်မှာ တင်ချီမိုးလျက် ရှိခိုးကန်တော့လိုက်ပါ၏ အရှင် မြတ်ကြီးဘုရား။

## ပဋ္ဌာန်းအမွှန်းအသုံးပြုရန်

မာတရံ-ပမုခံ ကတွာ၊ တဿာပညာယ တေဇသာ။
အဘိဓမ္မာ ကထါမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။
မဟာပဋ္ဌာန ပကရဏံ၊ တံ ဘဇာမဟေ။

မာတရံ-မယ်တော်မာယာ ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို၊ ပမုခံကတွာ-အကြီးအမှူး ဦးစီးဦးကိုင် ရှေ့သွား ခေါင်းဆောင်ပြု၍၊ တဿာ ပညာယ-အဘိဓမ္မာ ဒေသနာ၌ ဖွေရှာသိပြီး ဒေသနာနယ ဉာဏ်တော်ကြီး၏၊ တေဇသာ-စ,လယ်,အဆုံး သုံးပါးလုံး၌ သိမ်းကျုံး ကုန်စင်သိမြင်တော်မူသော အနန္တနယ ဉာဏ်ရှိန်စော် အာနုဘော်တော်အားဖြင့် အဘိဓမ္မာကထာမဂ္ဂံ-ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟုဆိုအပ်သော ကျမ်းမြတ်ကျမ်းမော် ကျမ်းအကျော် ဖြစ်သော ဒေသနာအစဉ်ကထာအစဉ်ကို၊ ဒေဝါနံ-သောင်းတိုက် စကြာဝဠာ ရပ်ဌာနမှ ခ,လာညွတ်ပျောင်း နတ်ဗြဟ္မာအပေါင်းတို့အား၊ သမ္ပဝတ္တယိ-တရားစည်ကြီး ခြိမ့်ခြိမ့်တီးလျက် လွှတ်ထီးနိဗ္ဗူ ပို့တော်မူ၍ ဝှန်းဆူခြိမ့်ငြာ နတ်တို့ရွာဝယ် ဒေသနာရွှေမိုး ပဲ့တင် စိုးလျက် ပြည့်ဖြိုးရွာသွန်းတော်မူလေပြီတကား၊ တံမဟာပဋ္ဌာနပကရဏံ-အဘိဓမ္မာ ဒေသနာ၏ ကထာအစဉ် နောက်ဆုံးတွင်မှ မိန့်လျှင်ခွဲခြမ်း အနန္တနယ သမန္တပါသာဒိက အမည်ရှိသော ထိုပဋ္ဌာန်း ကျမ်းတော်ကြီးကို၊ ဟေ-ပဋ္ဌာန်းရွှေစာ ကျမ်းဒေသနာကို သဒ္ဓါကြည်နူး ပီတိထူးကြကုန်သော အို-သူတော်ကောင်းအပေါင်းတို့၊ မယံ-ပဋ္ဌာန်းအမြင့် ကျမ်းစာဖွင့်လျက် သံလွှင့်မြွက်ဟတ် အကျွန်ုပ်တို့သည်၊

ဘဏ္ဍာမ–သဒ္ဓါဝမ်းမြူး ပီတိထူးလျက် ရွှင်မြူးချမ်းသာ ရွတ်ဆိုကြပါကုန်စို့– ရွတ်ဆိုကြပါကုန်အံ့။

# ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ

| | |
|---|---|
| ဟေတု | ပစ္စယော |
| အာရမ္မဏ | ပစ္စယော |
| အဓိပတိ | ပစ္စယော |
| အနန္တရ | ပစ္စယော |
| သမနန္တရ | ပစ္စယော |
| သဟဇာတ | ပစ္စယော |
| အည မည | ပစ္စယော |
| နိဿယ | ပစ္စယော |
| ဥပနိဿယ | ပစ္စယော |
| ပုရေဇာတ | ပစ္စယော |
| ပစ္ဆာဇာတ | ပစ္စယော |
| အာသေဝန | ပစ္စယော |
| ကမ္မ | ပစ္စယော |
| ဝိပါက | ပစ္စယော |
| အာဟာရ | ပစ္စယော |
| ဣန္ဒြိယ | ပစ္စယော |
| ဈာန | ပစ္စယော |
| မဂ္ဂ | ပစ္စယော |
| သမ္ပယုတ္တ | ပစ္စယော |
| ဝိပ္ပယုတ္တ | ပစ္စယော |
| အတ္ထိ | ပစ္စယော |

## ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ

| | |
|---|---|
| နတ္ထိ | ပစ္စယော |
| ဝိဂတ | ပစ္စယော |
| အဝိဂတ | ပစ္စယောတိ။ |

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

ပဋ္ဌာန်း [ ၂၄ ] ပစ္စည်းအကျဉ်း

ပြီး၏။

# မူလသင်တန်း
# မြ တ် ပ ဋ္ဌာ န်း ကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ဟေတုပစ္စည်း

### ကျက်မှတ်ရန်

ဟေတုပစ္စယော–ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော

တရားလည်းကောင်း။

⁂

### ဆောင်ထားရန်လင်္ကာ

ရေသောက်မြစ်လျှင်၊ ကိုယ့်သစ်ပင်ကို၊ စည်ပင်စေမှု၊ ကျေးဇူး

ဟေတုသတ္တိခေါ်။

⁂

### ဟေတုပစ္စည်းအဓိပ္ပါယ် ရှင်းလင်းချက်

ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ,.ပဋ္ဌာန်းပစ္စည်းကျေးဇူးပြုပုံများကို သည်ဟေတုပစ္စည်းက စပြီးရှင်းလင်းပြပါမယ်၊ ဥပမာတစ်ခု မြင်လွယ်အောင် တင်ပြပါဦးမယ်၊ သစ်ပင်များမှာ ရေသောက်မြစ်ဟာ ပဓာနကျတဲ့ အကြောင်းရင်းဖြစ်တယ်၊ ပင်စည် ခက်မ အရွက် အညွန့်

အပွင့် အသီးများဟာ အကျိုးတရားတွေဖြစ်တယ်။ ပင်စည် ခက်မ အရွက် အညွန့် အသီးများ ရှင်သန် ထွားကျိုင်းတယ်ဆိုတာ ရေသောက်မြစ်ကနေပြီး အားပေးမှု ကျေးဇူးပြုမှုကြောင့်ပဲ ဖြစ်တယ်။

※

## အကြောင်းအကျိုးပစ္စည်းတပ်ပြမယ်

သစ်ပင်၏ ရေသောက်မြစ်သည်-အကြောင်းရင်း ဟေတုပစ္စည်း တရား။

ပင်စည် အကိုင်း အခက် အပွင့် အသီး စသည်များသည် ဟေတု အကျိုး ပစ္စယုပ္ပန်တရားလို့ မှတ်ထားပါ။ ရေသောက်မြစ်က ရှင်သန်အောင်, ထွားကျိုင်းအောင် ရွက်ဆောင်နိုင်သော အမြစ်၏ သဘာဝသတ္တိထူးရှိလို့ ဟေတုသတ္တိဟု မှတ်သားထားပါ။

အထက်ဖော်ပြပါ ဥပမာအတိုင်းပါပဲ၊ ယခု ဟေတုပစ္စည်းမှာ ပါဝင်ကြတဲ့ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်ဆိုတဲ့ မကောင်းဟိတ် သုံးပါးနဲ့ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဆိုတဲ့ ကောင်းဟိတ်သုံးပါး၊ နှစ်ရပ်ပေါင်း ဟိတ် ခြောက်ပါးတို့ဟာ သစ်ပင်၏ ရေသောက်မြစ်နဲ့ တစ်ပုံစံတည်း ဟူကြပါတယ်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် မကောင်းဟိတ်သုံးပါး အခြေခံအမြစ်ရှိလျှင် အပြစ်ရှိတဲ့ ဒုစရိုက် အလုပ်တွေကို ကိုယ်ဖြင့်လုပ်ကြပါတယ်၊ နှုတ်ဖြင့်ပြောဆိုကြပါတယ်။

အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဆိုတဲ့ ကောင်းမြတ်တဲ့ ဟိတ်သုံးပါး အခြေခံအမြစ်ရှိလျှင် အပြစ်ကင်းတဲ့

သုစရိုက်အလုပ်တွေကို ကာယကံမြောက် ပြုလုပ်ကြပါတယ်၊ ဝစီကံမြောက် ပြောဆိုကြပါတယ်၊ အဲဒီ ကောင်းလုပ်, မကောင်းလုပ်၊ ကောင်းပြော, မကောင်းပြောမှုတွေဟာ ဟိတ်ခြောက်ပါးမှ လာကြတာတွေပါပဲ။

❋

## တရားကိုယ်ပစ္စည်း တပ်ပြပါဦးမယ်

လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ ဟိတ်ခြောက်ပါးတို့က ဟေတုအကြောင်း (ပစ္စည်း)တရား၊ မကောင်းစိတ် မကောင်းလုပ် မကောင်းပြောနှင့် ကောင်းစိတ် ကောင်းလုပ် ကောင်းပြောတို့က ဟေတုအကျိုး (ပစ္စယုပ္ပန်)တရားများဟု မှတ်သားထားပါ။

လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ ဟိတ်ခြောက်ပါးတို့က သစ်ပင်၏ အမြစ်ပမာ အကြောင်းရင်း သဘောဖြင့် ကျေးဇူးပြုတတ်လို့ ဟေတုသတ္တိများရှိကြပါတယ်။

သည် ဟေတုပစ္စည်းမှာ အကြောင်းတရား, အကျိုးတရား၊ ကွဲပြားဖို့ အရေးကြီးပါတယ်၊ အကြောင်းတရားမှာ ဟိတ်ခြောက်ပါးများဖြစ်ပါတယ်၊ ၎င်းတို့ဟာ နာမ်တရားသက်သက်တွေပါ၊ အကျိုးတရားတွေကတော့ ကောင်းစိတ် မကောင်းစိတ် နာမ်တရားတွေနဲ့ ကောင်းလုပ်, မကောင်းလုပ်, ကောင်းပြော, မကောင်းပြော ရုပ်တရားများပါဝင်ပုံကို ပဋ္ဌာန်းဉာဏ်အသိစိတ်ဖြင့် ဝေဖန်ပြီးလျှင် ပုဂ္ဂိုလ်, သတ္တဝါ ငါသူကင်းစင် မပါဝင်ဘဲ သမ္မာဒိဋ္ဌိဉာဏ်ယှဉ်ကြလျက်

သက္ကာယ ကွာစင်အောင် အကျိုးတရားသိသော (နာမရူပ ပရိစ္ဆေဒ ဉာဏ်) အကြောင်း လက်သယ်သိသော (ပစ္စယ ပရိဂ္ဂဟဉာဏ်) အကြောင်းရော အကျိုးပါ ဖြစ်ပျက်တရားပါတကားဟု သိတတ်သော (ဥဒဗ္ဗယဉာဏ်) တို့ဖြင့် အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်ကြပြီးလျှင် ဝိပဿနာ တရားမဂ်ဉာဏ်ရောက် ပွားများ နိုင်ကြပါစေ-ဓမ္မအဆွေ ယောဂီတွေတို့။

## ဟိတ်ခြောက်ပါးနှင့်ဆိုင်ရာ ရှစ်လုံးဖွဲ့ကဗျာများ

### လောဘဟိတ်၏စွမ်းရည်

လောဘဟိတ်စွမ်း ညစ်ညမ်းကိလေ၊
ပြိတ္တာမျိုးမျိုး ပို့ရိုးမှန်ပေ။
လိုချင်စိတ်ဇော မက်မောစိတ်စေ၊
လောဘရုပ် ငုတ်တုတ်မြင်နိုင်ပေ။

### ဒေါသဟိတ်၏စွမ်းရည်

ဒေါသဟိတ်ကြမ်း လွန်သရမ်းပါပေ၊
ငရဲရှစ်မျိုး ပို့ရိုးမှန်သလေ။
ဆဲရေးငေါက်ငမ်း ကြမ်းတမ်းကိုယ်နေ၊
ဒေါသရုပ် ငုတ်တုတ်မြင်နိုင်ပေ။

## ၁–ဟေတုပစ္စည်း

### မောဟဟိတ်၏စွမ်းရည်

မောဟဟိတ်မိုက် မှောင်တိုက်, မှောင်ပေ၊
တိရိစ္ဆာန်မျိုး ပို့ရိုးမှန်သလေ။
တွေဝေ မိန်းမော သိသဘောကင်းလေ၊
မောဟာရုပ် ငုတ်တုတ်မြင်နိုင်ပေ။

■

### အလောဘ အဒေါသ အမောဟ
### ဟိတ်သုံးပါးတို့၏စွမ်းရည်

အလော အဒေါ အမော ဟိတ်နေ၊
ကောင်းမြတ်ထွေထူး ထွက်ဖူးကျက်သရေ။
လူ့ပြည်ထက်ရပ် ဗြဟ္မာနတ်ပို့ပေ၊
နိဗ္ဗာန်လမ်း ဖြောင့်တန်းရောက်နိုင်ပေ။
ကောင်းဟိတ်များ ထင်ရှားဖြစ်အောင်နေ။

■

### ဒါနဟိတ်ပစ္စည်းဆက်ပုံ

ကောင်းဟိတ်သုံးပါး ရှိငြားသူမှာ၊
ပေးကမ်းလှူဒါန်း ရွှင်လန်းသဒ္ဓါ။
အလှူရေစက် လက်နှင့်မကွာ။
ဝေသန်လောင်း ဖြည့်ကြောင်းမဒ္ဒီပမာ။

■

## သီလဟိတ်ပစ္စည်းဆက်ပုံ

ကောင်းဟိတ်သုံးပါး　　ရှိကြသူမှာ၊
လပြည့်ရှစ်ရက်　　ကျောင်းတက်မကွာ။
လကွယ်ဥပုသ်　　စောင့်ကုတ် သီလာ၊
စမ္မေယျုတ်　　လောင်းမြတ်ဘုရိပမာ။

## ဘာဝနာဟိတ်ပစ္စည်းဆက်ပုံ

ကောင်းဟိတ်သုံးပါး　　ရှိကြသူမှာ၊
ဘာဝနာမှု　　ပွားရှုခါခါ။
ခန္ဓာနာမ်ရုပ်　　ဒုက္ခသစ္စာ၊
ပွားရှုပေါက်　　မဂ်ရောက် မြတ်သောတာ။

# ၂။ အာရမ္မဏပစ္စည်း

## ကျက်မှတ်ရန်

အာရမ္မဏ ပစ္စယော – အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဆောင်ထားရန်လင်္ကာ

တောင်ဝှေး ကြိုးတန်း၊ ဆွဲကိုင် လှမ်းသို့၊ ရှင်လန်း ပျော်ကြ
ဥယျာဉ်မှျ၊ အာရမ္မဏခေါ်။

■

## အရမ္မဏ ပစ္စည်းအဓိပ္ပါယ် ရှင်းလင်းချက်

အရာမ္မဏပစ္စည်း နားလည်အောင် အခြေခံ တရားများကတော့ အဆင်းမျိုးစုံ ရူပါရုံ, အသံမျိုးစုံ သဒ္ဒါရုံ, အနံ့မျိုးစုံ ဂန္ဓာရုံ, အရသာမျိုးစုံ ရသာရုံ, အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံနှင့် စိတ်ထဲပေါ်လာကြတဲ့ အာရုံမျိုးစုံ ဓမ္မာရုံတို့ပါပဲ၊ ၎င်းအာရုံခြောက်ပါး တရားများဟာ ဘာနဲ့ ဥပမာတူသလဲဆိုလျှင် လူမမာများ, လူအိုကြီးများ ကိုင်ဆောင်တဲ့ တောင်ဝှေးနဲ့လဲ တူကြတယ်၊ ကြိုးတန်းများနဲ့လဲ တူကြတယ်။

တနည်းပြောရလျှင် လူအများနှစ်သက်ကြတဲ့ ပန်းဥယျာဉ်ကြီးနဲ့လဲ တူကြပါတယ်၊ သတ္တဝါတိုင်းရဲ့ စိတ်များဟာ အာရုံခြောက်ပါးထဲက တစ်ပါးပါးကို အမှီအတွယ်ဆွဲကိုင်ထားရမှသာ နေနိုင်ကြပါတယ်၊ အာရုံနှင့်ကင်းပြီး စိတ်များ မဖြစ်ကြပါ၊ အဆင်းမျိုးစုံ ရူပါရုံကြိုးတန်းကို ဆွဲကိုင်ရမှ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်နိုင်ပါတယ်၊ ရူပါရုံနှင့် ကင်းပြီး မြင်သိစိတ် မဖြစ်နိုင်ပါ။

| | |
|---|---|
| အဆင်းရူပ | မြင်ကြဲထွေထွေ၊ |
| (စက်) ဝိညာဏ်ဓာတ် | ဖြစ်လတ်ပုံသေ။ |
| အာရမ္မဏ | ထိုမှ ပုရေ၊ |
| အတ္တိပ | အဝိဂတ ပစ္စယေ။ |

ရူပါရုံကို ဆွဲကိုင်ပြီး မြင်သိစိတ်များ ဖြစ်နိုင်သလို ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်နှင့် ကြံသိစိတ်များတို့လဲ မိမိတို့နှင့် တော်လျော်တဲ့ ဘောင်ဝေး ကြီးတန်းသဖွယ် အာရုံတရားတွေကို အသီး အသီး ကိုယ်စီ ကိုယ်ငှ ဆွဲကိုင်ပြီး ဖြစ်ကြပါတယ်။

## နည်းရရုံ ပစ္စည်းတပ်ပြမယ်

ရူပါရုံစသော အာရုံခြောက်ပါးတို့သည် အာရမ္မဏအကြောင်း (ပစ္စည်း) တရား၊ အာရုံခြောက်ပါးကို ဆွဲကိုင်၍ ဖြစ်ကြရသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ မြင်သိစိတ်စသော အဗျာကတစိတ်များ က အာရမ္မဏအကျိုး (ပစ္စယုပ္ပန်) တရား၊ ရူပါရုံစသော အာရုံ ခြောက်ပါးတို့က ဘောင်ဝေး ကြီးတန်း၊ ပန်းဥယျာဉ်ပမာ ဆွဲကိုင်စရာ အဖြစ်ဖြင့် ကျေးဇူးပြုကြသော အာရမ္မဏသတ္တိထူး ရှိကြပါတယ်။

ဤ အာရမ္မဏပစ္စည်း အကြောင်းဘက်မှ ရုပ်၊ နာမ်၊ ပညတ်၊ နိဗ္ဗာန်ပါဝင်ကြ၍ အကျိုးဘက်မှာ စိတ်၊ စေတသိက် နာမ်တရားများ သာ ပါဝင်ကြပါတယ်၊ ရုပ်နှင့်နာမ် နာမ်နှင့်ရုပ် တွဲဖက်အလုပ်လုပ် နေကြခြင်းမျှသာ အမှန်တကယ် သိကြ၍ ပုဂ္ဂိုလ်သတ္တဝါ ငါသူ တစ်ပါး ယောကျ်ား-မိန်းမ မရှိကြဘဲ ခေါ်ကာမတ္တ နိဿတ္တ နိဇ္ဇီဝ ထင်မြင်ကြ၍ သင်္ကာယ ကွာစင်အောင် ဆင်ခြင်ပွားများ နိုင်ကြပါစေ- ဓမ္မမိတ်ဆွေ ယောဂီတွေတို့။

## ရူပါရုံနှင့် စက္ခုဝိညာဏဓာတ်ဖြစ်ပုံ

ရူပါရမ္မဏာတ် ဆင်းဓာတ်မှန်ပေ၊
(စက်) ဝိညာဏ်ဓာတ် ဖြစ်လတ်ပုံသေ။
မျက်ကြည်အလင်း ကပ်လျှင်း မနေသီပေ၊
ကြောင်းလေးဝ ညီမှ ဖြစ်နိုင်ပေ။

✣ ✣ ✣

# ၃။ အဓိပတိပစ္စည်း

### ကျက်မှတ်ရန်

အဓိပတိပစ္စယော – ကြီးကဲလွှမ်းမိုး အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း

### ဆောင်ထားရန်လင်္ကာ

နှစ်ပါးမခြင်၊ စကြာရှင်သို့ များဖြင်ကျယ်သည့်၊ စိုးရဘိ အဓိပတိခေါ်။

## အဓိပတိပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ဤ အဓိပတိပစ္စည်းများပါတဲ့ အဓိပတိပုဒ်ဟာ အကြီးအချုပ် အဓိပ္ပါယ်ကို ဖွင့်ပြပါတယ်။ အကြီးအချုပ်ဖြစ်ခြင်း, လွန်ကဲခြင်း, ပြိုင်ဘက်မရှိ အစိုးရခြင်း, နှစ်ခုမရှိ (နီးတူး) တစ်ခုတည်းသာ ရှိတယ်လို့ ဆိုလိုပါတယ်၊ အဓိပတိအစိုးရပုံ ဥပမာတစ်ခု တင်ပြပါဦးမယ်၊ ကျွန်းငယ်နှစ်ထောင် ကျွန်းကြီးလေးကျွန်းကို အစိုးရတော်မူသော မန္ဓာတ စကြာမင်းကြီးနှင့်တူတယ်လို့ နှိုင်းခိုင်းကြပါတယ်၊ စကြာမင်း ပဲ့ပျှည်သည် ၂-ပါးမရှိစကောင်းပါ၊ တစ်ပါးတည်း တစ်ဦးတည်းသာ ရှိကြရပါတယ်၊ ဤကဲ့သို့ ပြိုင်ဘက်ကင်းပြီး စကြာမင်းကြီးများ အစိုးတရဖြစ်သလို ဤ အဓိပတိပစ္စည်းမှာပါတဲ့ အဓိပတိအစိုးရခြင်းမျိုး ကလဲ ပြိုင်ဘက်ကင်းပြီး အစိုးတရအုပ်ချုပ်ပြီး ဖြစ်နိုင်စွမ်းရှိတဲ့ တရားများကို ဟောတော်မူပါတယ်။

၎င်း အဓိပတိကလည်း အာရုံမျိုးအစိုးရတဲ့ (အာရမ္မဏာဓိပတိ) သဟဇာတ တရားတို့အပေါ်မှာ အစိုးရတဲ့ (သဟဇာတာဓိပတိ)ရယ်လို့ ၂-မျိုး ခွဲခြားပြီး မှတ်သားထားပါ၊ အာရုံမျိုး အဓိပတိ အစိုးတရဖြစ်ပုံကလေး တင်ပြပါဦးမယ်၊ မြို့ကြီးသား သူငယ်ချင်းနှစ်ယောက် ရှိကြပါတယ်၊ တစ်ယောက်သောသူက မြို့ထဲလမ်းလျှောက်သွားကြရန် ခေါ်ပါတယ်၊ ကျန်တစ်ယောက်က မလိုက်လိုဘဲ ငြင်းဆန်ပါတယ်၊ ခေါ်သူကမပါ, ပါအောင် ထက်မြက်တဲ့အာရုံနဲ့ မျှားပြီး ရုပ်ရှင်ကြည့်သွားရအောင်, ပြီးတော့ ဟော်တယ်ကိုလဲ ဝင်ကြရအောင် ပြော၍ ခေါ်သောအခါ ငြင်းဆန်မနေတော့ဘဲ ခေါ်သူ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပါတော့တယ်။

ဒါဟာ ရုပ်ရှင်ပွဲ, ဟော်ဇာယ်စသော ထက်မြက်တဲ့အာရုံများက စိုးမိုးအုပ်ချုပ်သွားကြပုံပါပဲ၊ အလောင်းတော် ကုသမင်းကြီးလဲ ပဘာဝတီ၏ အာရုံအထူး အုပ်ချုပ်ခံရ၍ သာဂလတိုင်းပြည်သို့ သွားပြီး ဒုက္ခအမျိုးမျိုးတွေကို ပင်ပန်းမှန်းမသိနိုင်လောက်အောင် ဖြစ်ရပါတယ်၊ အထက်ပါ ဥပမာလိုပါပဲ– အဓိပတိခေါ်လောက်တဲ့ အသံအာရုံ, အနံ့အာရုံ, အရသာအာရုံ, အတွေ့အထိအာရုံတို့ဟာလဲ ထိုထိုသတ္တဝါတွေ၏ စိတ်ဓာတ်အပေါ်မှာ လွှမ်းမိုးအုပ်ချုပ်ကြပါတယ်။

## နည်းရရှိပစ္စည်း တပ်ပြမယ်

ဣဋ္ဌဖြစ်သော ရူပါရုံစသော တရားတို့သည် အာရမ္မဏာဓိပတိ အကြောင်း (ပစ္စည်း) တရား၊ အာရုံများကိုစွဲ၍ ဖြစ်ကြသော စိတ်, စေတသိက်တရားတို့သည် အကျိုး (ပစ္စယုပ္ပန်) တရား၊ ဣဋ္ဌဖြစ်တဲ့ အဆင်းစသော တရားတို့ဟာ လွှမ်းမိုးအုပ်ချုပ်နိုင်သော အာရုံမျိုး အဓိပတိ သတ္တိထူးဖြင့် ကျေးဇူးပြုကြပါတယ်။

အာရုံမျိုး အဓိပတိကို ပြပြီးတဲ့နောက် သဟဇာတမျိုး အဓိပတိ ဖြစ်ပုံကို ဥပမာနဲ့တကွ တင်ပြပါဦးမယ်၊ ကျောက်တုံး–ကျောက်ခဲ တစ်ခုမှာ မာသဘော (ပထဝီ)၊ ဖွဲ့သဘော (အာပေါ)၊ ပူမှု အေးမှု (တေဇော)၊ လှုပ်ရှား တည်ငြိမ် (ဝါယော) မဟာဘုတ်လေးပါးလုံး ပါဝင်ပါတယ်၊ ထိုလေးပါးလုံး ပါဝင်သော်လဲ ကျောက်ခဲမှာ မာသဘော (ပထဝီ) ဓာတ်က လွန်ကဲပါတယ်၊ လွှမ်းမိုးနေပါတယ်၊ ပထဝီက

အဓိပတိဖြစ်နေတယ်လို့ ဆိုလိုပါတယ်၊ မီးတောက်မီးလျှံထဲမှာ တေဇော အဓိပတိဖြစ်ပုံ, ရေစိုင် ရေခဲမှာ အာပေါအဓိပတိဖြစ်ပုံ, လေပွေ လေမုန်တိုင်းမှာ ဝါယောအဓိပတိ ဖြစ်ပုံတို့ကိုလဲ ချဲ့ထွင်၍ သိကြပါလေ။

အထက်ဖော်ပြပါ ဥပမာတို့ဟာ အတူတကွ ဖြစ်ဖော်ဖြစ်ဘက်မျိုး ဖြစ်၍ (သဟဇာတ) လွှမ်းမိုးအုပ်ချုပ်မှုပါ၍ (အဓိပတိ) ၂-ရပ်ပေါင်း (သဟဇာတာဓိပတိ)ဟု မှတ်ထားကြပါစို့။

အထက်ပါ ဥပမာများအတူ၊ အတူဖြစ်ကြတဲ့တရားထဲမှာ အကြီးအကဲတရား လေးပါးရှိပါတယ်၊ ၎င်းလေးပါးကတော့ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိရယ်လို့ လေးပါးရှိပါတယ်၊ ၎င်းလေးပါးဟာ အတူတူဖြစ်ကြပါတယ်၊ အတူပင်ဖြစ်ကြသော်လဲ တစ်ပါးပါးက ခေါင်းဆောင်ဖြစ်ခိုက် ကျန်သုံးပါးတို့က နောက်လိုက်အဖြစ် ပါဝင်ကြပါတယ်။

❖

## ဆန္ဒဦးစီးတဲ့ ဒါနဖြစ်ပုံကဗျာ

လှူလိုဆန္ဒ ဒါနအဟုန်၊
နေ့ညမစဲ အမြဲစွဲထုံ။
လှူလိုအားသည်း ဖြည့်ဆည်းလုံးစုံ၊
ဓိပတိ ကြီးဘိ သတ္တိဂုဏ်။

## ဝီရိယဥိးစီးသောဒါန

လှူရေးတန်းရေး မနေးလျှင်မြန်၊
နောက်မကျဘဲ ထူးကဲမြန်ဆန်။
ထထကြွကြွ လုံ့လအားသန်၊
ဓိပတိ ကြီးဘိ သတ္တိမှန်။

■

## စိတ်ဥိးစီးသောဒါန

လှူရေးတန်းရေး စိတ်တွေးကြံဖန်၊
လှူလိုစိတ်စွဲ ထပ်တလဲဖြစ်ပြန်။
မလှူရဘဲ နေလို့လဲမရပြန်၊
ဓိပတိ ကြီးဘိ သတ္တိမှန်။

■

## ဝီမံသ ပညာဥိးစီးသောဒါန

ပညာအုပ်စီး လှူကြီးလှူပြန်၊
ကြည်လင်သန့်ရှင်း ဉာဏ်သွင်းဝေဖန်။
ပကာမဖက် လျှမ်းတက်နိဗ္ဗာန်၊
ဓိပတိ ကြီးဘိ သတ္တိမှန်။

■

## နည်းရရုံပစ္စည်း တင်ပြပါဦးမယ်

အလိုဆန္ဒ, လုံ့လဝီရိယဖြစ်လိုသော စိတ္တ, ဉာဏ်ပညာ, ဝီမံသ-ဤလေးပါးတို့သည် သဟဇာတာဓိပတိအကြောင်း (ပစ္စည်း) တရား။

အတူတကွ ဖြစ်ကြတဲ့စိတ်, စေတသိက်များနဲ့ ပြောဆိုရုပ် ပြုလုပ်ရုပ်များတို့က သဟဇာတာဓိပတိ အကျိုး (ပစ္စယုပ္ပန်) တရား။

ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ တို့မှာ ကိုယ်စီကိုယ်ငှ အတူဖြစ်ဖက် တရားတို့အပေါ်မှာ စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်သော သတ္တိထူးများ ရှိကြလို့ အဓိပတိသတ္တိ။

အိုစာရှုသူ ..... ဆန္ဒက ဦးစီးခိုက် ကျန်သုံးပါး နောက်လိုက် ဖြစ်ပုံ သဘောပေါက်ပြီ မဟုတ်လား၊ သဟဇာတဓိပတိမျိုးမှာ အကြောင်းအကျိုး ၂-မျိုးရှိခဲ့ရာ အကြောင်းဘက်က နာမ်တရား သက်သက်သာ ပါဝင်ပါတယ်၊ အကျိုးဘက်ကတော့ နာမ်ရောရုပ်ပါ ပါဝင်ပုံက သိရှိကြပြီးလျှင် အကျိုးဘက်သိက (နာမရူပ ပရိစ္ဆေဒ ဉာဏ်) အကြောင်းဘက်သိက (ပစ္စယ ပရိဂ္ဂဟဉာဏ်) အကြောင်း ဘက် အကျိုးဘက် ဖြစ်ပျက်ဟုသိသော (ဥဒယဗ္ဗယဉာဏ်) မြဲမှုမပါ ချမ်းသာမရှိ နှစ်ရှိကင်းကွာ ဆင်ခြင်ကာဖြင့် ဝိပဿနာဉာဏ် ဝါဂွမ်းဖန်သလို အတန်တန် ပွားများနိုင်ကြ၍ သက္ကာယအပေါ်မှာ ငါထင်, ငါဘုရင်ဆရာ ခုန်ဆင်းအောင် ပြင်းပြင်းထန်ထန် အားထုတ် နိုင်ကြပါစေ- ဓမ္မမိတ်ဆွေ ယောဂီတွေတို့။

# ၄။ အနန္တရပစ္စည်း

## ကျက်မှတ်ရန်

အနန္တရပစ္စယော – အခြားမရှိ တစ်ဆက်တည်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း

■

## ဆောင်ထားရန်လင်္ကာ

စကြာမင်းများ၊ နတ်ရွာလားသော်၊ သားကြီး စစ်စစ်
ကေရာဇ်၊ မင်းဖြစ်အနန္တရာ။

■

## အနန္တရပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အနန္တရပစ္စည်းကို ဆက်ပြီးလေ့လာကြဦးစို့၊ အနန္တရဆိုတာ အခြားမရှိတာ၊ မခြားဘဲ တစ်ဆက်တည်းဖြစ်တာမျိုးကို ခေါ်တယ်၊ မခြားဘဲ တစ်ဆက်တည်းဖြစ်ပုံ ဥပမာတစ်ခု ပြောပြပါဦးမယ်၊ ခမည်းတော် စကြာမင်းကြီးသည် နတ်ရွာစံ ကံတော်ကုန်သည်နှင့် တစ်ပြိုင်နက် ခမည်းတော်၏အရိုက်အရာကို သားတော်ကြီးက ဆက်ခံမင်းပြုပါတယ်၊ ဤကဲ့သို့ မင်းပြုကြရာမှာ ခမည်းတော်နှင့် သားတော်မင်း ၂–ပါးတို့ မင်းဆက်မပြတ်ဘဲ တစ်ဆက်တည်းဖြစ်ပြီး မင်းဆက်မခြားဘဲ ဖြစ်တာမျိုးလိုပါပဲ။

ဒီ အနန္တရပစ္စည်းမှာ ပါဝင်ကြတဲ့ စိတ်, စေတသိက်တရားတွေ

ဟာလဲ စိတ္တနိယာမအတိုင်း ဖြစ်ကြရာမှာ တစ်, စိတ်ဖြစ်ပြီးတဲ့နောက် နှစ်, စိတ်ဖြစ်ရပါတယ်၊ တစ်စိတ်နှင့် နှစ်စိတ် ၂-ခုအကြားမှာ စိတ်တစ်လုံးမခြားဘဲ တစ်ဆက်တည်းဖြစ်ကြပုံကို ရှင်တော်မြတ်ဘုရားက ဤ အနန္တရပစ္စည်းမှာ ဟောကြားတော်မူပါတယ်။

■

## အဖနှင့်သား မခြားဘဲဖြစ်ပုံ

ဖခင်မင်းကြီး　　နတ်ထီးယွန်းစံ၊
သားကြီးလွှဲအပ်　　နန်းရပ်မွေခံ။
အဖနှင့်သား　　မခြားစိုးစံ၊
မင်းအဆက်　　မပျက်သားမွေခံ။

■

## ရှေ့စိတ်, နောက်စိတ် မခြားဘဲဖြစ်ပုံ

တစ်စိတ်ချုပ်ပျောက်　　ဘင်ရောက်လေပြန်၊
နှစ်စိတ်ဖြစ်ရ　　မှုချအမှန်။
ရှေ့စိတ်နောက်စိတ်　　ခြားရိပ်မခံ၊
တစ်ဆက်ထဲ ဖြစ်မြဲ　　အနန္တရံ။

■

## မခြားဘဲတဆက်တည်း စိတ်အစဉ်ဖြစ်ပုံကို ပုံစံတစ်ခု တင်ပြပါဦးမယ်

သတ္တဝါတိုင်းဟာ သေကြရဦးမယ်၊ သေတယ်ဆိုတာ စုတိစိတ်ကို ခေါ်တယ်၊ စုတိစိတ် ချုပ်ပြီးလျှင် ပဋိသန္ဓေစိတ် ဖြစ်ရပါတယ်၊ ၎င်းစုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ ဖြစ်ကြပုံဟာ စိတ်တစ်လုံးမခြားဘဲ တစ်ဆက်တည်းမနေပါလား၊ ဤကဲ့သို့ စုတိစိတ်နှင့်၊ ပဋိသန္ဓေစိတ်တို့ အခြားမရှိဘဲ တစ်ဆက်တည်းဖြစ်တာမျိုးကို အနန္တရလို့ ခေါ်ပါတယ်၊ မခြားဘဲ တစ်ဆက်တည်းနေရာမှာ ကျေးဇူးပြုတဲ့ပစ္စည်းကိုလဲ အနန္တရပစ္စည်းလို့ ခေါ်ပါတယ်။

ဘုရား၊ ရဟန္တာ အရှင်မြတ်များ၏ စရိမခေါ်တဲ့ စုတိစိတ်ကို ချန်ထား၍ ပုထုဇ္ဇန်၊ သေက္ခ ပုဂ္ဂိုလ်များမှာ စုတိစိတ် ဖြစ်လိုက်၊ ချုပ်လိုက်၊ နောက်ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဖြစ်လိုက်၊ ၎င်းနောက် ပဝတ္တိအခါ ဖြစ်ထိုက်တဲ့စိတ် အစဉ်အတန်းကြီးဖြစ်လိုက်၊ ထိုဘဝ၏ နောက်ဆုံး ဘဝနိဂုံးအနေ စုတိစိတ်ဖြစ်လိုက်နှင့် ဘဝစက်ဝိုင်းကြီးဟာ ကရွတ်ကင်းလျှောက်သလို မဆုံးတမ်းမတုံးတမ်း ဖြစ်နေကြပုံ၊ အနန္တရ ဖြစ်ရပုံတို့ကို သဘောပေါက်ဖို့လိုပါတယ်။

❖

## နည်းရရုံပစ္စည်း တပ်ပြပါဦးမယ်

ချုပ်လေပြီးသော ရှေးရှေးသော စိတ်၊ စေတသိက်တို့က မခြားဘဲ ကျေးဇူးပြုကြသော အနန္တရအကြောင်း (ပစ္စည်း) တရား၊ ဖြစ်နေစဉ် ဖြစ်နေခိုက်ဖြစ်တဲ့ နောက်နောက်သော စိတ်၊ စေတသိက်တို့က အနန္တရ

အကျိုး (ပစ္စယုပ္ပန်) တရား၊ ရှေးရှေးစိတ်တို့မှာ မခြားဆက်တွဲ တစ်ဆက်တည်း ကျေးဇူးပြုတတ်ကြသော အနန္တရသတ္တိထူးများ ရှိကြပါတယ်။

အကြောင်းဘက်, အကျိုးဘက် ၂-ဘက်လုံးမှာ စိတ်, စေတသိက် ဆိုတဲ့ နာမ်တရားများ အစစ်အမှန်ရှိကြ၍ စိတ်, စေတသိက် နာမ် တရားမှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါ ငါ, သူတစ်ပါး ယောကျာ်း, မိန်းမ ရှာမရပုံကို ဉာဏ်ကုန်ဖွင့်ကြ၍ သက္ကာယ ဒိဋ္ဌိလွင့်အောင် အသင့် အားဖြင့် ဝိပဿနာတရားကို မီးပွတ်သောယောကျာ်းကဲ့သို့ ပွားများ နိုင်ကြပါစေ- ဓမ္မမိတ်ဆွေ ယောဂီတွေတို့။

## ၅။ သမနန္တရပစ္စည်း

### ကျက်မှတ်ရန်

သမနန္တရပစ္စယော - ကောင်းစွာမခြားဘဲ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

### ဆောင်ထားရန်လင်္ကာ

စကြာဘုန်းလျှံ၊ နတ်ရွာစံလည်း၊ ခြွင်းချန်မွေနှစ်၊ ဓကရာဇ် ပေးလစ် သမနန္တရာ။

## သမနန္တရပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

သမနန္တရပစ္စည်းကို ဆက်ပြီးလေ့လာကြဦးစို့၊ ဒီ–သမနန္တရဆိုတဲ့ ပါဠိစကားဟာ ပြီးခဲ့တဲ့ အနန္တရပါဠိထက် သံ–ပုဒ်ကလေးတစ်ခု ပိုနေပါတယ်၊ သမနန္တရ–သံ+အနန္တရ၊ ဒီ–ပါဠိကိုကြည့်ပါ၊ သံ–ပုဒ်က ကောင်းကောင်းမွန်မွန် အနက်ဟောပါတယ်၊ အနန္တရက မခြားဘဲ တစ်ဆက်တည်း ဖြစ်တဲ့သဘော သံ+အနန္တရ–ကောင်းစွာမခြားဘဲ ဖြစ်ကြတယ်လို့ အဓိပ္ပါယ်ရပါတယ်။

အထက်ပါလင်္ကာ အဓိပ္ပါယ်ကတော့ ဖခင် စကြာမင်းကြီး နတ်ရွာစံ ကံတော်ကုန်ရာမှာ သားတော်အား ထီးမွေနန်းမွေ မင်းအဖြစ်တို့ကို လွှဲအပ်ပြီးစီးမှ နတ်ရွာစံခြင်းမျိုး ဖြစ်ပါတယ်၊ မပေး မအပ်ရသေးမီ နတ်ရွာစံခြင်းမျိုး မဟုတ်ပါ၊ ဤကဲ့သို့ မှာထားလွှဲအပ် ပြီးစီးမှ နတ်ရွာစံခြင်းမျိုးကို သံ–ပုဒ်၏ အနက်အရ ကောင်းသော နတ်ရွာစံခြင်းမျိုးဟု ခေါ်ဆိုပါတယ်။

ဤနည်းအတူပဲ ရှေးရှေးသော စိတ်ကို့မှာပါတဲ့ ကောင်းကံ, မကောင်းကံ အမွေတွေဟာ နောက်နောက်သော စိတ်အဆက်ဆက်တို့ အား ပေးပေးသွားတဲ့သဘော ပါဝင်ပါတယ်၊ ရှေးရှေးသော စိတ်တို့ သည် မိမိတို့သက်တမ်းအလျောက် (ခဏတ္တယ) သမင်္ဂီ ဖြစ်ပြီးနောက် အသက်တန်းကုန်သောအခါ ချုပ်ဆုံးကြရပါတယ်၊ ထိုသို့ ချုပ်ဆုံး ရပါသော်လည်း ကောင်းမွေ ဆိုးမွေ စေတနာ အမွေများကိုတော့ နောက်နောက်သော စိတ်အဆက်ဆက်အား မပေးမအပ်ဘဲ မချုပ်ဆုံး ကြပါ၊ လက်ဆင့်ကမ်းအနေ ပေးပေးသွားတဲ့သဘော ရှိပါတယ်။

ဤကဲ့သို့ ပေးသွားတဲ့သဘော ရှိ၍သာလျှင် ဘဝအဆက်ဆက်က ပြည့်ခဲ့ကြတဲ့ပါရမီများ ဆုတောင်းအလိုက် ပြည့်စုံခွင့် ရကြပါတယ်၊ ချုပ်ဆိုးရာ စိတ်များနောက်သို့ ကောင်းကံ, မကောင်းကံတွေ ပါသွားခဲ့ပါလျှင် ကောင်းကျိုး, ဆိုးကျိုး အမွေအနှစ်များ ရတော့မည် မဟုတ်ပါ၊ ပြုသမျှတွေ အချည်းနှီး ဖြစ်ရပါလိမ့်မည်။

❖

## စကြမင်းကြီးက သားအားအမွေပေးပုံ

ဖခင်ပိုင်သ နန်းမထီးရဲ၊
သားကြီးစင်စစ် မင်းဖြစ်ပေးပြန်။
ပေးအပ်အပြီး နန်းထီးယွန်းစံ၊
မအပ်နှင်း အလျှင်းဘာမချန်။
ဒါကိုပဲ ခေါ်မြဲ သမနန္တရ။

❖

## ရှေးစိတ်အမွေ နောက်စိတ်စံ

ရှေးစိတ်ရှေးစိတ် ပိုင်ရပ်အမွေ၊
နောက်စိတ်နောက်စိတ် ခံရပ်ပိုင်နေ။
စုတေလွှဲအပ် ပိုင်ရပ်အမွေ၊
သန္တေအား ပေးသွား ကောင်းဆိုးတွေ၊
ဒါကိုပဲခေါ်မြဲ သမနန္တရ။

❖

အနန္တရပစ္စည်း မခြားဘဲ ကျေးဇူးပြုပုံနှင့် သမနန္တရပစ္စည်းက ကောင်းစွာမခြားဘဲ ကျေးဇူးပြုပုံ ၂–မျိုးမှာ သံ–ပုဒ်က ကောင်းကောင်း မွန်မွန်ဆိုတဲ့ အနက်ပိုလာတာပဲ ထူးတယ်၊ တရားကိုယ် အရကောက် ဖြစ်တဲ့ စိတ်, စေတသိက်များကတော့ မထူးတော့ပါ၊ တရားတော် လေးနက်လေအောင် ထပ်ဆင့်ပြီး သမနန္တရပစ္စည်းကို ဟောတော်မူ ပါတယ်။

ရှေ့စိတ်များက နောက်စိတ်များအား အမွေပေးကျေးဇူးပြုကြပုံကို သဘောညဏ်မိကြ၍ ငါမရှိ, သူမရှိ, ငါ့ဥစ္စာမရှိ, ငါပိုင်မရှိပုံ အလုံးစုံကို အဖန်ဖန်ညဏ်ဖြင့် မြင်ပြီးလျှင် သက္ကာယ ငါဘုရင်ကို ကွာစင်အောင် ရှုနိုင်ပွားနိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၆။ သဟဇာတပစ္စည်း

## ကျက်မှတ်ရန်

သဟဇာတပစ္စယော – အတူတကွ ဖြစ်လာကြ၍၊
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၂၄၄၁၄

## ဆောင်ထားရန်လင်္ကာ

ဆီ, မီးဇာ, လင်း၊ မှောင်ဝယ်ခြင်းတို့၊ မယွင်းတူတကွ၊ ဖြစ်လာကြ
မှတ်ပ နာမ်သဟဇာ။

■

## ရုပ်သဟဇာတဖြစ်ပုံ

လေးချောင်းခြေထောက် ညောင်စောင်းထောက်သို့၊
ဖြစ်မြောက်တူတကွ၊ ပုံတူပြ၊ မှတ်ကြ ရုပ်သဟဇာ။

■

## သဟဇာတပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

သဟဇာတ ပစ္စည်းမှာပါတဲ့ သဟဇာတ သဘောကို ဆက်ပြီး လေ့လာကြပါစို့၊ သဟဇာတပုဒ်မှာ သဟ-တစ်ပုဒ်၊ ဇာတ-တစ်ပုဒ် ခွဲထားပါ၊ သဟက အတူ၊ ဇာတက ဖြစ်တာ၊ ၂-ပုဒ်ပေါင်းတော့ အတူဖြစ်တာလို့ အဓိပ္ပါယ်ရပါတယ်၊ အတူတကွ တစ်ပြိုက်နက် ဖြစ်ကြပုံကို ဥပမာထုတ်ပြပါဦးမယ်၊ မီးခွက်တစ်ခွက်ကို မီးထွန်းညှိထားခိုက်မှာ ဆီကုန်တဲ့ ကိစ္စ, မီးဇာလောင်တဲ့ ကိစ္စ၊ အလင်းရောင် ထွက်ပေါ်မှု ကိစ္စ, အမှောင်ပယ်မှု ကိစ္စဆိုတဲ့ ကိစ္စလေးခု တစ်ပြိုင် နက်တည်း ပေါ်ပေါက်ကြပါတယ်၊ ဒီ-ဥပမာလိုပါပဲ နာမ်ခန္ဓာ လေးပါးဖြစ်တဲ့ ခံစားမှု ဝေဒနက္ခန္ဓာ, မှတ်သားမှု သညက္ခန္ဓာ၊ တိုက်တွန်းမှု သင်္ခါရက္ခန္ဓာ, သိစိတ် ဝိညာဏက္ခန္ဓာ၊ ပေါင်း နာမ် ခန္ဓာ လေးပါး ဖြစ်ကြပုံများဟာလဲ ပြိုင်တူ ညီတူဖြစ်ကြလို့

(နာမ်သဟဇာတ) ခေါ်ပါတယ်။

#### နာမ်ခန္ဓာလေးပါး အတူဖြစ်ပုံ

စိတ်, စေတသိက် ဖြစ်ရိုပ်တူနေ၊
အဖြစ်တူကြ ယှဉ်ဆပါလေ။
ဝေ, သဉ်, သင်္ခါရက် တွဲဘက်ဝိညာ၊
တူတကွ ဖြစ်ကြ နာမ် သဟဇေ။

နာမ်တရားများ သဟဇာတကို ပြပြီးတဲ့နောက် မဟာဘုတ်ရုပ်ကြီးလေးပါး သဟဇာတဖြစ်ပုံကို ခုတင်တစ်ခုမှာ ခြေထောက်လေးချောင်း ပါဝင်ပြီး ညီတူ–ညီမျှ ထမ်းဆောင်နေကြပုံနှင့် ဥပမာပြုပါတယ်။

#### မဟာဘုတ်လေးပါး သဟဇာတ

မြေ,ရေ,လေ,မီး ဓာတ်ကြီးလေးထွေ
အတူတကွ ဖြစ်ကြပုံသေ။
ခွဲမရ တွဲကြ အမြဲပတူနေ၊
မဟာဘုတ် ဓာတ်ရုပ် သဟဇာတေ။

နာမ်နဲ့ရုပ်, ရုပ်နဲ့နာမ် အတူဘက်ပြီး ဖြစ်ကြပုံမျိုးလဲ ရှိပါသေးတယ်၊ ခန္ဓာငါးပါး ရစကောင်းတဲ့ သတ္တဝါတိုင်း ပဋိသန္ဓေတည်နေချိန်မှာ ရုပ်ရော နာမ်ရော ၂–ပါးစုံ အတူတစ်ပြိုင်နက် ဖြစ်ကြပါတယ်၊ ကလလရေကြည်မှာပါတဲ့ ဟဒယ ဝတ္ထုရုပ် ရူပက္ခန္ဓာနှင့်

ပဋိသန္ဓေ စိတ်, စေတသိက် နာမ်ခန္ဓာလေးပါး၊ ပေါင်း ခန္ဓာငါးပါး ရုပ်, နာမ် ၂-ပါးတို့ အတူဖြစ်ကြလို့ ရုပ်နာမ် သဟဇာတတွေပါပဲ။

## ပဋိသန္ဓေ ရုပ်နာမ် သဟဇာတဖြစ်ပုံ

သန္ဓေဇာတိ ချိန်ရှိကာလေ၊
ရုပ်နာမ်နှစ်ဦး ခွဲဘူးတူနေ။
သန္ဓေဝတ္ထု တွဲပြိုဖြစ်ပေ၊
ပဥ္စဝေါ မှတ်လော ငါးခန္ဓေ။

ပဝတ္တိအခါများမှာလဲ ရုပ်, နာမ် ၂-ပါးတို့ တွဲဘက် အလုပ်လုပ်နေကြပုံများဟာ လွန်စွာ ထင်ရှားပါတယ်၊ သွားချင်စိတ်ကြောင့် သွားရုပ်ပေါ်ပုံ, ရုပ်ချင်စိတ်ကြောင့် ရုပ်တည်ရုပ်ပေါ်ပုံ အလုံးစုံကို ပဋ္ဌာန်းဉာဏ်ငုံမိကြ၍ ရုပ်နဲ့နာမ်-နာမ်နဲ့ရုပ် တွဲဘက် အလုပ်လုပ်၊ ငါမဟုတ်-သူမဟုတ် ရုပ်နာမ် အလုပ်လုပ်ဟု ရုပ်နာမ်အပေါ်သို့ ဉာဏ်ရောက်နိုင်သော (ဒိဋ္ဌိဝိသုဒ္ဓိ) စခန်း ဝိပဿနာအထက်တန်းသို့ တက်လှမ်းနိုင်ကြပါစေ - ဓမ္မမိတ်ဆွေ ယောဂီတွေတို့။

# ၇။ အညမညပစ္စည်း

## ကျက်မှတ်ရန်

အညမည ပစ္စယော – အချင်းချင်း အပြန်ပြန်
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

ခွေးခြေသဏ္ဌာန်၊ သုံးချောင်းခံ၍၊ ဖြစ်ပြန်ချင်းချင်း၊ ပုံမယွင်း
မှတ်ခင်း အညမည။

## အညမညပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အညမညသဘောကို ဆက်လက်ပြီး လေ့လာကြဦးစို့၊ အညမည ဆိုတာ အပြန်အလှန် ကျေးဇူးပြုတဲ့ သဘော, အပေးအယူ ရနိုင်တဲ့ သဘောမျိုးကို ခေါ်ပါတယ်၊ အင်တူ, အားတူရှိကြမှလဲ အညမည ရစကောင်းပါတယ်၊ သဟဇာတဖြစ်တိုင်း အညမည မရနိုင်ပါ၊ အဲဒါ– အညမညရဲ့ ထူးခြားချက်ပါ။

ထင်ရှားအောင် ဥပမာပြောပါဦးမယ်၊ ခြေသုံးချောင်းတပ်ထားတဲ့ ခွေးခြေခုံတစ်ခု ဆိုပါတော့၊ ၎င်းခုံမှာ ၁–နံပါက် ခြေထောက်ရှိလို့ ၂–နံပါက်, ၃–နံပါက်တို့ ရပ်တည်နေနိုင်ကြတယ်၊ တစ်ဖန် ၂–နံပါက် ရှိလို့ ၃–နံပါက်, ၁–နံပါက်များ ရပ်တည်နေနိုင်ကြပါတယ်၊ ဤကဲ့သို့ အားတူ, အင်တူ အပြန်ပြန် ကျေးဇူးပြုနိုင်တဲ့ သဘောပါပဲ၊ အညမည ဖြစ်ကြပုံပါပဲ။

ထင်ရှားတဲ့ဥပမာတစ်ခု ပြောပြပါဦးမယ်၊ မောင်ဖြူနဲ့ မောင်မဲ ခရီးတစ်ခုသွားကြရာမှာ မောင်ဖြူလဲလျှင် မောင်မဲက ထူပါတယ်၊ မောင်မဲ လဲလျှင်လဲ မောင်ဖြူက ဆွဲထူနိုင်တဲ့အင်အား ရှိပါတယ်၊ ဤကဲ့သို့ အင်အားတူညီကြပြီး အပေးအယူရနိုင်တာမျိုးကို အညမည သဘောလို့ မှတ်ယူရပါမယ်၊ အပေးအယူ မရပါဘဲ ခရီးသွားချင်း တူကာမျှဆိုလျှင် သဟဇာတသာဖြစ်ပါတယ်၊ အညမည မရနိုင်ပါ။

အထက်ဖော်ပြပါ ဥပမာများလိုပါပဲ၊ အားအင်တူကြပြီး အပေး အယူရကြတဲ့ နာမ်ခန္ဓာလေးပါးတို့ဟာ တစ်ပါးက အညမည, အကြောင်းဘက်က နေခိုက် ကျန်သုံးပါးတို့က အကျိုးဘက်က နေကြပါတယ်၊ သုံးပါးက အကြောင်းဘက်က နေခိုက် ကျန်တစ်ပါးက အကျိုးဘက်က နေကြပါတယ်၊ ဤကဲ့သို့ အပြန်ပြန် ကျေးဇူးပြု ကြပါတယ်။

## နာမ်ခန္ဓာလေးပါး အညမညဖြစ်ပုံ

မြင်စိတ်ရှေးဦး ကြီးမှူးပေါ်လာ၊
ခံစားမှတ်သား ပြင်တရားဆက်ခါ။
အချင်းချင်းလဲ ထောက်မြတ်ထွာ၊
အကျိုးဆက် တိုးတက်သူဖြစ်လာ။

နာမ်ခန္ဓာလေးပါး အညမညဖြစ်ကြပုံလိုပင် မဟာဘုတ် လေးပါး တို့ဟာလဲ အပြန်ပြန်အလှန်လှန် ကျေးဇူးပြုကြပါသေးတယ်။

## မဟာဘုတ်လေးပါး အညမညဖြစ်ပုံ

မြေရေလေမီး တတ်ကြီးလေးဖြာ၊
အချင်းချင်းလဲ ထောက်မြဲတံထွာ။
အညမည ထင်ကရမက္ခာ၊
အကျိုးဆက် တိုးတက်သူဖြစ်လာ။

မဟာဘုတ်တို့ပြင် ပဥ္စဝေါကာရ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်စေတသိက် နာမ်ခန္ဓာလေးပါးနဲ့ ဟဒယဝတ္ထုရုပ် ရူပက္ခန္ဓာတို့ဟာလဲ အချင်းချင်း ကျေးဇူးပြုကြပါသေးတယ်။

## ပဋိသန္ဓေ ပဥ္စဝေါကာရ အညမညဖြစ်ပုံ

သန္ဓေဓာတိ ချိန်ရှိကာလေ၊
ရုပ်နာမ်နှစ်ဦး ခွဲဘူးတူလေ။
သန္ဓေဝတ္ထု ထောက်မှုချင်းပေ၊
ပဥ္စဝေါ မှတ်လောငါးခန္ဓေ။

အင်အားတူညီကြသော ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ အချင်းချင်း အားပေးတွဲဘက်၍ ဖြစ်ပေါ်နေကြပုံကို အတိအကျ သဘောဉာဏ်ပေါက်၍ သူမဟုတ် ငါမဟုတ် နာမ်နဲ့ရုပ်သာ အကယ်စင်စစ် အရှိမှန်းသိကြပြီးလျှင် ရုပ်နာမ်အပေါ်မှာ ငါထင်တတ်သော မိစ္ဆာကောင် ဒိဋ္ဌိပျောက်အောင် "သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော" ပဋ္ဌာန်းဂါထာတော်ကို အခေါက်ခေါက် မန်းမှတ်ထုတ်ကြပါလေ - ဓမ္မအဆွေ ယောဂီတွေတို့။

# ၈။ နိဿယပစ္စည်း

## ကျက်မှတ်ရန်

နိဿယပစ္စယော – မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော
တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

မြင်းမိုရ်တောင်မင်း၊ မြတ်တသင်းတို့၊ ပေါက်ချင်းပင်စဉ်
မှီမြဲပင်၊ တူလျှင်နိဿယခေါ်။

## နိဿယပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ယခု နိဿယပစ္စည်းမှာပါတဲ့ နိဿယသဘောကို ပြောပြပါဦးမယ်၊ နိဿယဆိုတာ မှီရာတည်ရာကိုခေါ်တယ်၊ မှီတွယ်လာကြတဲ့ တရားတို့အား အမှီခံနိုင်တဲ့ သဘောပါပဲ၊ အမြင်လွယ်ဆုံး ဥပမာကို တင်ပြပါဦးမယ်၊ ကျွန်ုပ်တို့ မှီတွယ်နေကြတဲ့ မြေကြီးမှာ နိဿယ – အမှီခံနိုင်တဲ့ သဘောရှိတယ်။

သက်ရှိ ကျွဲ နွားစသော သတ္တဝါတွေ, သက်မဲ့ဖြစ်တဲ့ သစ်ပင် အိမ် ကျောင်းစတဲ့ အရာဝတ္ထုတွေဟာ မြေကြီးကိုပဲ မှီပြီး နေကြရတယ်၊ ဒါကြောင့် မြေကြီးမှာ နိဿယသတ္တိရှိတယ်၊ ၎င်းပြင် ပန်းချီပိတ်ကားနဲ့ ဖြူနီကြောင်ကျားဆေးများ နတ်ဘုံနှင့် နတ်သမီး–

နတ်သား၊ သစ်ပင်နှင့်ရုက္ခစိုး နိဿယအကြောင်း၊ အကျိုး ပစ္စည်း တပ်နိုင်ကြပါတယ်။

အထက်ပါ လင်္ကာအရ – မြင်းမိုရ်တောင်မင်းနှင့် သစ်ပင်ချုံနွယ်တို့ဟာလဲ မြင်းမိုရ်တောင်မင်းက နိဿယသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

፨

## ပစ္စည်း တပ်ပြပါဦးမယ်

မြင်းမိုရ်တောင်မင်းသည် မှီရာနိဿယအကြောင်း၊ သစ်ပင်ချုံနွယ် အသွယ်သွယ်တို့သည် နိဿယအကျိုး၊ မြင်းမိုရ်တောင်မှာ အမှီ အတည် ခံနိုင်ရည်ရှိတဲ့ နိဿယသတ္တိထူးဖြင့် ကျေးဇူးပြုကြတယ်၊ အထက်ဖော်ပြပြီးဖြစ်တဲ့ ဥပမာများလိုပါပဲ၊ နာမ်ခန္ဓာလေးပါးတို့ ဖြစ်ကြပုံ၊ မဟာဘုတ်လေးပါးတို့ ဖြစ်ကြပုံတွေ အလုံးစုံအကုန် တူကြပါတယ်၊ တူကြပုံက ဒီလိုပါ၊ မဟာဘုတ်လေးပါး ရှိသည့် အနက်က ပထဝီရုပ်က နိဿယအကြောင်းဘက်ကနေခိုက် ကျန် သုံးပါးက နိဿယအကျိုးဟု မှတ်ပါ။

အာပေါ၊ တေဇော၊ ဝါယောတို့က အမှီခံခိုက် ပထဝီရုပ်က မှီပြီး ဖြစ်ကြတဲ့ သဘောတွေပါပဲ၊ မဟာဘုတ် ၂–ပါးက အကြောင်းဖြစ်ခိုက် ကျန် ၂–ပါးက အကျိုးဘက်က နေကြပါတယ်။

စက္ခု ပသာဒခေါ်တဲ့ မျက်ကြည်ရုပ်သည် မြင်သိစိတ်အား
4 နိဿယသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ ထို့အတူပါပဲ နားအကြည်ရုပ်၊ နှာအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ် ဆိုတဲ့

အကြည်ရုပ်တို့ကလဲ ကြားသိစိတ်, နံသိစိတ်, စားသိတ်စိတ်, ထိသိစိတ်တို့အား မှီရာတည်ရာ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြပါတယ်၊ နှလုံးသွေးရုပ်ကတော့ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ် ချန်ထားပြီး ကျန်တဲ့စိတ်အားလုံးအား နိဿယသတ္တိဖြင့် ကျေးဇူးပြုကြပါတယ်။

▦

## စက္ခုဝတ္ထုက မြင်သိစိတ်အား နိဿယသတ္တိ ကျေးဇူးပြုပုံ

| | |
|---|---|
| စက္ခုဝတ္ထု | မျက်ကြည်စုပေ၊ |
| (စက်) ဝိညာဏ်ဓာတ် | ဖြစ်လတ်ပုံသေ။ |
| ပုရေ နိဿယ | ထိုမှတ္တန္ဓြေ၊ |
| ဝိပ္ပယုတ်ရှိ | အတ္ထိ အဝိဂတေ။ |

အထက်ပါတရားတို့ကို သေချာစေ့ငု ကြည့်ရှုကြ၍ နာမ် နာမ်ချင်း မှီ၍ဖြစ်ပုံ, ရုပ် ရုပ်ချင်း မှီကြပုံ, နာမ်ကိုမှီ၍ ရုပ်-ဖြစ်ပုံ, ရုပ်ကိုမှီ၍ နာမ်ဖြစ်ပုံတွေကို သိကြပြီးလျှင် ပုဂ္ဂိုလ်သတ္တဝါ ငါသူမဘက် ရုပ်နာမ်သက်သက်မျှသာ ဖြစ်ချည်-ပျက်ချည် သံသရာစက်ဝိုင်း လည်နေကြပါတကားဟု ရုပ်နာမ်ဖြစ်ပျက် ခန္ဓာအစဉ်မှာ ပဋ္ဌာန်းဉာဏ် ဝင်ကြလျက် ငါထင်သော ဒိဋ္ဌိယုတ်ကို အမြစ်ပါ ပယ်နှုတ်နိုင်သော အနတ္တ ဝိပဿနာအလုပ်ကို အားထုတ်ပွားများနိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၉။ ဥပနိဿယပစ္စည်း

## ကျက်မှတ်ရန်

ဥပနိဿယပစ္စယော – အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြု
တတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

ဖြိုင်ဖြိုင်သွန်းသွန်း၊ မိုးရေချမ်းကြောင့်၊ ရှင်လန်းတိုးတက်
မှီတုံလျက်၊ ကြီးချက် ဥပနိဿယာ။

## ဥပနိဿယပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ဥပနိဿယပစ္စည်း၏ သဘောအဓိပ္ပါယ်ကို သိရအောင် ဆက်လက်ပြီး လေ့လာကြဦးစို့၊ ပြီးခဲ့တဲ့ နိဿယပစ္စည်းထက် ဒီ–ဥပနိဿယပစ္စည်းမှာ ဥပ–ပုဒ်တစ်ပုဒ် ပိုလာတာကို တွေ့ရတယ်၊ ပိုလာတဲ့ ဥပ–ပုဒ်က ဘယ်လိုအနက်အဓိပ္ပါယ် ရလဲဆိုတာ သိဖို့ အရေးကြီးတယ်၊ ဥပ–ပုဒ်က အားကြီးသော အားကောင်းသော ဆိုတဲ့ အနက်အဓိပ္ပါယ်ကို ဟောတယ်၊ နိဿယက မှီရာ၊ ၂–ရပ်ပေါင်းတော့ အားကြီးသောမှီရာ, အားကောင်းသောမှီရာလို့ ဆိုပါတယ်။

အားကြီးတဲ့မှီရာ အားကောင်းတဲ့မှီရာဖြစ်ပုံကို မြင်လွယ်အောင် ပြောပြမယ်၊ မိုးတွင်းအချိန်မှာ မိုးအကြီးအကျယ် ရွာတယ်ဆိုပါတော့–

ငင်းမိုးရေကို အမှီပြုနေကြရတဲ့ သက်ရှိသတ္တဝါတွေနှင့် သစ်ပင်ချုံနွယ်စသော သက်မဲ့အရာဝတ္ထုတွေ တည်တံ့နိုင်ကြပါတယ်၊ ယင်းမိုးရေသာ မရခဲ့ပါလျှင် သတ္တဝါတွေလဲ သေကျေပျက်စီးရပါမယ်၊ သက်မဲ့ သစ်ပင်များလဲ ပျက်စီးဖို့သာ ရှိပါတော့တယ်။

ဒါဖြင့် မိုးရေဟာ သက်ရှိ သက်မဲ့တို့ရဲ့ အသက်ဖြစ်နေပါတယ်၊ ရေရှိနေ၍သာ မသေမပျောက်ကြဘဲ နေနိုင်ကြပါတယ်၊ ဤမျှလောက် မှီခိုရပါတယ်၊ ပဓာနကျတဲ့အကြောင်း ဖြစ်တယ်၊ သူမပါလျှင် မဖြစ်တဲ့ အကြောင်းဘဲ ဖြစ်တယ်၊ စိန်ဗေဒါမပါလျှင် အလှူမဖြစ်သလောက် ပါဘဲ ဆိုတဲ့ပုံနှင့် တူနေပါတယ်၊ ဤဥပနိဿယအကြောင်းကလဲ လိုရင်းအကျဆုံးနှင့် သူမပါ မပြီးတဲ့အကြောင်းကို ဥပနိဿယ ကောက်ယူရပါတယ်။

တစ်နည်း-ပဓာနကျတဲ့အကြောင်း ပြောပြဦးမယ်၊ ဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းသည် (ဥပနိဿယ) အကျိုးတရားလို့ မှတ်ထားပါ၊ ဒီပင်္ကရာဘုရားထံတော်ရင်းမှာ နိယတဗျာဒိတ်ပန်းကို ခံယူခြင်းဟာ လိုရင်းအကျဆုံးအကြောင်း (ဥပနိဿယ) အကြောင်းဟု ကောက်ယူပါ။

## ဥပနိဿယဖြစ်ပုံ

| | |
|---|---|
| သုမေဓာလောင်း | ဆုတောင်းဗျာခံ၊ |
| ဒီပင်္ကရ | ဗုဒ္ဓရင်းထံ။ |
| ပန်ဆင်ဗျာဒိတ် | ခံရိပ်နိယတံ၊ |

ပလ္လင်ရှိ ဗောဓိသဗ္ဗညာဏ်။
ဗျာဒိတ်ပန်ထ ပကတူပ ပစ္စယ်၊
ပလ္လင်ဘူမိ ဗောဓိရွှေဉာဏ်။
ပစ္စယုပ်မျိုး ကောက်ရိုးဝေဖန်၊
နိယတ ပဓာနကောက်ကြပြန်။

ဗျာဒိတ်ခံယူခြင်းသည် ပကတူပနိဿယအကြောင်း, သဗ္ဗညုတဉာဏ်တော်ကို ရခြင်းသည် ပကတူပနိဿယ အကျိုးတရား ပကတူပနိဿယနှင့် စပ်လျဉ်းပြီး ပြောပြလိုသေးတယ်၊ ဒါန သီလ ဘာဝနာ ရှာန် မဂ် စတဲ့အလုပ်တွေ ပြုလုပ်နိုင်ကြ ရရှိကြခြင်းသည် အကျိုးတရား ကောက်ယူပါ၊ ပဓာနကျတဲ့အကြောင်းရင်း ရှာပြပါဆိုလျှင် သဒ္ဓါတရားသာ တွေ့ရပါတယ်၊ သဒ္ဓါတရားဟာ ပဓာနအကြောင်းပါပဲ၊ ပကတူပနိဿယ အကြောင်းရင်းပါပဲ၊ သဒ္ဓါတရားမရှိခဲ့ပါလျှင် မည်သည့်အလှူကိုမျှ မပေးနိုင်တော့ပါ၊ သို့အတွက် သဒ္ဓါတရားကို ဥပနိဿယအကြောင်း ကောက်ယူပါတယ်။

## ရှေ့စိတ်ကုသိုလ် နောက်စိတ်ကုသိုလ်ဖြစ်ပုံ

သဒ္ဓါရှေ့သွား ပြုငြားကုသိုလ်၊
ဒါန, သီလ ပွားကြထိုထို။
ကုသိုလ်ရှေ့သွား နောက်ပါးကုသိုလ်၊
မဂ်ဉာဏ်ရောက် ထွင်းဖောက် မြတ်ကုသိုလ်။

ဥတုဘောဇဉ်များဟာလဲ ပကတူပထဲ ပါဝင်ပါသေးတယ်၊ ထို့ပြင်

ပညာရှိပုဂ္ဂိုလ်တစ်ဦးကို အမှီပြု၍ အသိအလိမ္မာ ကုသိုလ်တရား ထွန်းကားရပုံတွေလဲ ရှိပါသေးတယ်။

ပညာရှိအား　　　　မှီငြားလေပြန်၊
အသိတရား　　　　ထင်ရှားထက်သန်။
ကုသိုလ်များပြား　　　　ပွားများလေပြန်၊
ပကတူပ　　　　ယူကြပစ္စည်း, ပစ္စယုပ္ပန်။

ဗာလပုဂ္ဂိုလ်မှီ၍ အကျိုးစီးပွား ဆုတ်ယုတ်ပုံတွေများလဲ ပကတူပ နိဿယပါပဲ။

ဗာလပုဂ္ဂလ　　　　မှီကြလေပြန်၊
အသိဉာဏ　　　　ကင်းပတန်တန်။
အကုများပြား　　　　ပွားများဖန်ဖန်၊
ပကတူပ ယူကြ　　　　ပစ္စည်းပစ္စယုပ္ပန်။

ကုသိုလ်ကိုမှီ၍ အကုသိုလ်ဖြစ်ပုံ, အကုသိုလ်ကိုမှီ၍ ကုသိုလ် ဖြစ်ပုံနှင့် နေရာထိုင်ခင်းစသော အကြောင်းတွေလဲ ပကတူပ နိဿယ မျိုးမှာ ပါဝင်ပါတယ်၊ (အာရမ္မဏာဓိပတိ) ရကောင်းလျှင် အာရမ္မဏူပ နိဿယ ရတော့သည်သာ မှတ်ပါ၊ အနန္တရ ရခဲ့လျှင်လဲ အနန္တ ရူပနိဿယ ရပါတော့တယ်၊ ဥပနိဿယပစ္စည်းကား အလွန်ကျယ်ဝန်း လှပါတယ်၊ နည်းရရုံ အကျဉ်းသဘောလောက်ပဲ မှတ်ထားကြပါဦး။

ဤဥပနိဿယပစ္စည်းမှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တရားများ ပါဝင်ကြပါတယ်၊ အကျိုးဘက်ကတော့ စိတ်, စေတသိက်နာမ်တရားများသာ ပါဝင်ကြသည်ကို ဆင်ခြင်သဘော

ပေါက်ကြ၍ ဖြစ်ပေါ်လာသော နာမ်အစဉ်ကို လက္ခဏာယာဉ်သို့ တင်ကြလျက် ရှုဆင်ခြင်ပွားများက အနတ္တအမှန်တရားကို ငွားငွား စွင့်စွင့် မြင်လာပြီးလျှင် ငါထင်မှု ဒိဋ္ဌိယုတ်ကို အငုတ်ပါ မကျန်ကြွင်း ရအောင် ပယ်ရှင်းသုတ်သင်နိုင်ပါစေ – ဓမ္မအဆွေ ယောဂီကွေတို့။

✣ ✣ ✣

# ၁၀။ ပုရေဇာတပစ္စည်း

## ကျက်မှတ်ရန်

ပုရေဇာတပစ္စယော – ရှေးဦးစွာဖြစ်နှင့်ကြ၍
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

■

## ဆောင်ထားရန်လင်္ကာ

ကမ္ဘာစဦး၊ ပကတူးက၊ ကွန့်မြူးနေ့, လ၊ ဖြစ်ကုန်ကြ၍၊
နောက်မှဖြစ်လေ၊ များထွေထွေ၊ ပြု႑လပုရေဇာ။

■

## ပုရေဇာတပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အစဉ်အတိုင်းရောက်လာတဲ့ ပုရေဇာတသဘောကို ဆက်လက် ပြီး လေ့လာကြပါဦးစို့၊ ပုရေဇာတမှာ ပုရေက ရှေး၊ ဇာတက ဖြစ်တာ၊ ၂–ပုဒ်ပေါင်းတော့ ရှေးဖြစ်တာကို ဆိုပါတယ်၊ ပုရေဇာတက ရှေးဖြစ်, ပစ္ဆာဇာတက နောက်ဖြစ်၊ ဤပုရေဇာတပစ္စည်းမှာ ရှေးဖြစ်တရား

များက နောက်ဖြစ်တရားများအား ကျေးဇူးပြုပုံများကို ဟောထားပါတယ်။

မြင်လွယ်တဲ့ ဥပမာတင်ပြီး ပြောပါဦးမယ်၊ ကမ္ဘာကြီးတည်စက နေ, လ ၂-ပါးက ပေါ်ထွက်လာကြပါတယ်၊ နေ, လ ပေါ်ထွက်ပြီး နောက်ကာလမှာ သက်ရှိ, သက်မဲ့များလဲ ဖြစ်ကြတာရှိပါတယ်၊ နေ, လ ၂-ပါးက အလျင်ပေါ်နှင့်ပြီး ရှေးဦးစွာဖြစ်ကြလို့ ပုရေဇာတ၊ နောက်ကာလမှ ပေါ်ပေါက်ကြတဲ့ သက်ရှိ သက်မဲ့အရာဝတ္ထုများက နောက်ဖြစ် နောက်ပေါ် ပစ္ဆာဇာတ၊ ပုရေဇာတ နေ,လတို့က ပစ္ဆာဇာတ သက်ရှိ, သက်မဲ့တို့အား အလင်းဓာတ်ပေးမှု, အပူအအေးဓာတ်ပေးမှု ကျေးဇူးပြုပါတယ်။

တစ်နည်းပြောပြပါဦးမယ်၊ ဇာတ်ရုံကြီးဆောက်လုပ်ထားပါတယ်၊ ပြီးစီးတဲ့နောက်ကာလမှာ ဇာတ်သူဇာတ်သားများ လာရောက် ကခုန်ကြပါတယ်၊ ဒါဖြင့် ဇာတ်ရုံကြီးက ပုရေဇာတ၊ ဇာတ်သား-ဇာတ်သမီးတို့က ပစ္ဆာဇာတလို့ မှတ်ပါဦး၊ ရှေးဖြင့်နှင့်ပြီး ဇာတ်ရုံကြီးက နောက်ဖြစ် ဇာတ်သူဇာတ်သားတို့အား ကျေးဇူးပြုပုံမျိုးပါပဲ။

❖

## ဇာတ်ရုံကြီးက ပုရေဇာတဖြစ်ပုံ

ဇာတ်ရုံသီးသီး　　ပြီးစီးတည်ငြိမ်၊
ဇာတ်သူဇာတ်သား　　ရောက်ငြား နောက်နေ၊
ဇာတ်ရုံရှေးဖြစ်　　ပုရစ်ဇာတေ၊
ဇာတ်သမား　　ကငြား နောက်ပစ္ဆေ။

အထက်ဖော်ပြပါ ဥပမာများအတိုင်းလိုပင် ဤပုရေဇာတပစ္စည်းမှာ ပါဝင်ကြသော တရားများဟာ ရှေးဦးစွာ ရှိနှင့်ပြီး ပေါ်ပေါက်ပြီးတရားများကို ရွေးထုတ်ဟောကြားတော်မူပါတယ်၊ ရှိပြီးပေါ်ပြီးတရားများကို ဖော်ပြပါဦးမယ်၊ ဝတ္ထုမျိုးဖြစ်တဲ့ စက္ခုဝတ္ထုစသောဝတ္ထုရုပ်ခြောက်ပါး ရှိပါတယ်၊ အဲဒါလဲ ပုရေဇာတ-ရှေးဖြစ်တရားများပါ၊ မျက်ကြည်ရုပ် မြင်သိစိတ်ဆိုပါတော့၊ မျက်ကြည်ရုပ်ကဇာတ်ရုံကြီးနဲ့ တူပါတယ်၊ မြင်သိစိတ်က ဇာတ်သူဇာတ်သားနဲ့တူပါတယ်၊ မျက်ကြည်ရုပ် ရှိပြီးဖြစ်မှသာလျှင် မြင်သိစိတ် ဖြစ်နိုင်ကြပါတယ်၊ ကြည်ရုပ်က ပုရေဇာတ၊ မြင်သိစိတ်က ပစ္ဆာဇာတမှတ်ပါ။

နားအကြည်ရုပ်, နှာအကြည်ရုပ်, လျှာအကြည်ရုပ်, ကိုယ်အကြည်ရုပ်, ပဝတ္တိအခါ နှလုံးသွေးရုပ်တို့ဟာ ပုရေဇာတ ပစ္စည်းတရားကောက်ယူပါ၊ ထို့နောက် ရူပါရုံ စသောတရားများကိုလဲရှေးဖြစ်ပုရေဇာတ ကောက်ကြရပါတယ်၊ ထင်ရှားတဲ့အဆင်းနှင့်မြင်သိစိတ် ရှေးဖြစ်နောက်ဖြစ် ခွဲကြစို့၊ အဆင်းရူပါရုံက ပုရေဇာတ၊မြင်သိစိတ်က ပစ္ဆာဇာတ၊ ရူပါရုံ မရှိပါက မြင်သိစိတ် မဖြစ်နိုင်ပါ၊ရူပါရုံကရှိပြီး ဖြစ်ရပါမည်။ ထို့အတူပင် အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ, ရသာမျိုးစုံ ရသာရုံ, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံများဟာရှိပြီးတရား-ပုရေဇာတများ ကောက်ယူပါလေ။

ရူပါရုံစသည်များကို အာရမ္မဏ ပုရေဇာတ ကောက်ယူပါ၊ ၎င်းတို့အပြင် လူ၏ခန္ဓာကိုယ် အလယ် မရွေ့မလျောလဲ၌ တည်နေသောနှလုံးသွေးရုပ်ဝတ္ထု ရှိပါတယ်၊ ၎င်းနှလုံးသွေး ရုပ်ကို လက္ခဏာ

ယာဥ်တင်၍ မမြဲ, ဆင်းရဲ, အစိုးမရဟု ယောဂီပုဂ္ဂိုလ်များ ရှုဆင်ခြင်ကြပါတယ်၊ ဝိပဿနာရှုရန် အာရုံတရားလဲဖြစ်နိုင်သည့်အတွက် (အာရမ္မဏ) နာမည်ရပါတယ်၊ ပဝတ္တိအခါမှာ ဝိပဿနာရှုစိတ်ဟာလဲ ၎င်းနှလုံးသွေးရုပ်ကိုပဲ မှီတွယ်ဖြစ်ရ၍ (ဝတ္ထု) နာမည်လဲရ၊ ရှုစိတ်၏အလျင် ရှိနှင့်ပြီးဖြစ်လို့ (ပုရေဇာတ) သုံးပါး နာမည်ရခြင်းကြောင့် (ဝတ္ထု + အာရမ္မဏ + ပုရေဇာတ) (ဝတ္ထာ ရမ္မဏ ပုရေဇာတ) ခေါ်ဆိုရပါတယ်။

## ဟဒယဝတ္ထု ဝတ္ထာရမ္မဏ ပုရေဇာတဖြစ်ပုံ

| | |
|---|---|
| ဟဒယဝတ္ထု | သွေးကြည်စုပေ၊ |
| မဇ္ဈေမဇ္ဈကာလ | ကာယတည်နေ။ |
| ခယဝတ္ထေန | ရှုကြထွေထွေ၊ |
| ဝတ္ထုရှေး | မှီရေး နောက်ဖြစ်ပေ။ |

ဝတ္ထုရုပ်ခြောက်ပါး, ရူပါရုံစသော တရားများက ရှေးဦးစွာဖြစ်ပြီး ရှိပြီးဖြစ်၍ ပုရေဇာတ အကြောင်းတရား၊ နောက်ကာလမှပေါ်ပေါက်ရတဲ့ စိတ်စေသိက် (ပစ္ဆာဇာတ) တရားတို့အား ကျေးဇူးပြုကြလို့ ပုရေဇာတအကျိုးတရားများသာ အဟုတ်တကယ် အရှိတရားတွေပါတကားဟု ဉာဏ်ဓားထက်ထက် ပဌာန်းမှန်အချက်တို့ဖြင့် ခွဲဖျက်ဝေခြမ်း လျှမ်းလျှမ်းတောက် ပရဒိန်သွားဖြင့် သက္ကာယငမိုက်သားအား ပယ်ရှားသုတ်သင်ခုတ်ထွင် ပယ်ရှားနိုင်ကြပါစေ - ခမ္မမိတ်ဆွေ ယောဂီတွေတို့။

# ၁၁။ ပစ္ဆာဇာတပစ္စည်း

## ကျက်မှတ်ရန်

ပစ္ဆာဇာတ ပစ္စယော - နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

ဂိဇ္ဈပေါတကာ၊ ဥပမာသို့၊ အာဟာရာသာ
စေတနာကား၊ ရှေ့မှာဖြစ်ပေ၊ ရုပ်ကာယေအား
ပွားစေသမှု၊ ထောက်ကူပြု၊ မှတ်ရှုပစ္ဆာဇာ။

## ပစ္ဆာဇာတပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ပုရေဇာတပစ္စည်းသဘောကို ဟောတော်မူပြီးနောက် **ပစ္ဆာဇာတ** ပစ္စည်းကို တစ်ဆက်တည်း ဟောတော်မူခြင်းဟာ လွန်စွာ စိတ်ဝင်စားဖွယ် ကြည်ညိုဖွယ်ရာ ကောင်းလှပါတယ်၊ ရှေးဖြစ် တရားက နောက်ဖြစ်တရားအား ကျေးဇူးပြုပုံ ပုရေဇာတပစ္စည်းက ဖော်ပြပါတယ်၊ ခုတစ်ခါနောက်တရားက ရှေးတရားအား ကျေးဇူး ပြုပုံကို ဤပစ္ဆာဇာတပစ္စည်းမှာ ဟောတော်မူပြန်ပါတယ်၊ နောက် ကာလတရားက ရှေးကာလဖြစ်တဲ့ တရားများအား ကျေးဇူးပြုပုံ သဘောကို ထင်လွယ်အောင် ဥပမာတင်ပြပါဦးမယ်။

ဥဒ္ဒုံမှလွတ်စ လင်းတငယ်များကို ဥပမာပြုကြပါတယ်၊ လင်းတငယ်များမှာ မိမိဘာသာမိမိ အစာရှာစားနိုင်တဲ့ အခါကာလရောက်မှ အစာရှာစားကြရပါတယ်၊ မိခင်များကလဲ ချီသယ်ပြီး ကျွေးရိုးမရှိကြပါ၊ အတောင်အလက်စုံခါမှ ကိုယ်တိုင် ရှာကြံစားကြရပါတယ်၊ ရက်လများစွာ မစားပါဘဲ ဘာကြောင့်အသက်ရှင်နေပါသလဲလို့ အမေးပုစ္ဆာ ထုတ်စရာကောင်းပါတယ်၊ "သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" ရက်အနည်းငယ်မဟုတ်ပါဘဲ ရက်ပေါင်းများစွာ မစားရဘဲ လင်းတခန္ဓာကိုယ် တည်တံ့နေပုံများဟာ လွန်စွာအံ့သြဖို့ ကောင်းလှပါတယ်။။

မသေရအောင် စောင့်ရှောက်တဲ့တရားကတော့ ထင်စားတဲ့စေတနာပါပဲ၊ ဘယ်ကဲ့သို့ လင်းတငယ်ကလေးများက ထင်စားသလဲဆိုရင် မိခင်များ အစာရှာထွက်သွားချိန်ဆိုလျှင် ငါ့ရဲ့မိခင်များဟာ အစာရှာသွားကြတယ်၊ ပြန်လာသောအခါ ငါ့အတွက် အစာ ပါလာလိမ့်မယ်လို့ ထင်စားတဲ့စေတနာ ဖြစ်ကြပါတယ်၊ မိခင်များ ပြန်လာသော အခါမှာလဲ အပိုအစားအစာ မရခဲ့လို့သာ ငါမစားရတာ ဖြစ်မယ်၊ နောက်ရက်တော့ ငါ့အတွက်ပါလာပြီး ငါစားရမှာပဲဟု ထင်စားလာခဲ့ရာ ၎င်းထင်စားတဲ့စေတနာ၏ ထောက်ပံ့မှုဖြင့် ကြီးပြင်းလာခဲ့ပါတယ်၊ ကိုယ်တိုင်ရှာကြံနိုင်သည်အထိ လင်းတငယ် ခန္ဓာကိုယ် ကာယရုပ်ကောင် မသေပျောက်ဘဲ ကြီးပျင်းလာရပါတယ်၊ အမွေးအတောင် စုံခဲ့ရပါတယ်၊ ဘာကိုမှမစားရပါဘူး၊ စေတနာထောက်ပံ့မှုပါပဲ။

ဌင်းစေတနာက နောက်ကာလမှာဖြစ်ရတဲ့ နောက်ဖြစ် (ပစ္ဆာဇာတ) လို့ မှတ်ထားပါ၊ လင်းတယ်၏ နီထွေးထွေး ခန္ဓာကိုယ်ကောင်ကလေးကထင်စားတဲ့ စေတနာရဲ့အလျှင် ရှိနေတဲ့တရား, ဖြစ်နှင့်တဲ့တရားဖြစ်၍ ရှေးဖြစ် (ပုရေဇာတ) လင်းတယ် ကိုယ်ကာယအား မသေမပျောက်အောင် ထောက်ပံ့ထားခြင်းမျိုးကို ဤပစ္ဆာဇာတ ပစ္စည်းကရားမှာ ဟောကြားတော်မူပါတယ်။

လင်းတယ်၏ ကိုယ်ကာယသည် ရှေးဦးရှိနှင့်ပြီးဖြစ်၍ (ပုရေဇာတ)၊ ထင်စားတဲ့ စေတနာသည် နောက်ကာလ၌ ဖြစ်ရသော (ပစ္ဆာဇာတ) တရား။

෴

## ပစ္ဆာဇာတ စေတနာက ပုရေဇာတလင်းတယ် ရုပ်ကာယအား ထောက်ပံ့ပုံ

စိတ်စေတသိက် ဖြစ်ရိပ်နောက်နေ၊
ပုရေဇာတ ရုပ်ကရှေ့နေ။
နောက်တရားက ပြုငြားမသွေ၊
ရှေးရုပ်များ တည်ငြား ခိုင်ခံ့စေ။

စေတနာနာမ်တရားက နောက်ကနေပြီး ရုပ်ကာယ (လင်းတခန္ဓာ) (ပုရေဇာတ)အား ကျေးဇူးပြုပုံပါပဲ၊ ဒီစကားများဟာ ဥပမာလဲဖြစ် ဥပမေယျလဲရတဲ့ စကားများပါပဲ၊ ဤပစ္ဆာဇာတမှာ နောက်နာမ်က ရှေးရုပ်အား ကျေးဇူးပြုပုံကို သဘောပေါက်ကြပါလျှင် အဆန်းတကြယ် ရုပ်နာမ်တို့ဖြစ်ကြပုံကို အာရုံမိမိ ပဋ္ဌာန်းဉာဏ်ဖြင့်သိကြ၍

ဒိဋ္ဌိနယ်ပယ်အတွင်းမှ ကျွတ်လွတ်အောင် ရှောင်ကွင်းပြီးလျှင် အပွါယ်တွင်းနိုပ်စက်သမျှတို့ကို အိပ်မက်မျှ မမြင်မက်ရအောင် သောတာပန် အထက်တန်းသို့ တက်လှမ်းကူးမြောက်နိုင်ကြပါစေ - ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

## ၁၂။ အာသေဝနပစ္စည်း

### ကျက်မှတ်ရန်

အာသေဝန ပစ္စယော - အဖန်တလဲလဲဖြစ်၍
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

### ဆောင်ထားရန်လင်္ကာ

ကြိမ်ကြိမ်နံ့သာ၊ လိမ်းသည့်တာကြောင့်၊ ထုံစွာကြိုင်မြ၊ ရနံ့ဖွဲ၊
ခေါ်မြဲ အာသေဝနာ။

### အာသေဝနပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အာသေဝန ပစ္စည်းသဘောကို ဆက်လက်ပြီး လေ့လာကြပါဦးစို့၊ အာသေဝနဆိုတဲ့ ပါဠိကို ပုဒ်ဝေ ပုဒ်ခွဲ ပြုကြရအောင်၊ အာသေဝနာမှာ အာ-တစ်ပုဒ်၊ သေဝန-တစ်ပုဒ်၊ အာ-ပုဒ်က အကြိမ်ကြိမ်၊

သေဝနက ဖြစ်တာ၊ ၂–ရပ်ပေါင်းတော့ အကြိမ်ကြိမ်ဖြစ်တာကို ခေါ်ပါတယ်၊ တစ်ကြိမ်တစ်ခါ ဖြစ်တာမျိုး မဟုတ်ပါဘဲ အကြိမ်များစွာ ဖြစ်တာမျိုးကို ခေါ်ပါတယ်။

ဤအာသေဝနဖြစ်ပုံ ဥပမာတစ်ခု တင်ပြပါဦးမယ်၊ အကြိမ်များစွာ နံ့သာလိမ်းသောသူသည် တစ်ကြိမ်တစ်ခါမျှ လိမ်းသောသူထက် အသွေးအရောင် အနံ့အသက်တို့ဟာ များစွာကွာခြားပါတယ်၊ အကြိမ်များစွာ နံ့သာလိမ်းထားသောသူသည် ရေမိုးချိုး၍ နံ့သာအနှစ်များ ရေတွင်ပါသွားပါသော်လဲ မွှေးကြိုင်တဲ့ ရနံ့များကတော့ ကိုယ်ထဲမှာ စွဲကျန်ရစ်ခဲ့ပါတယ်။

## အာသေဝန ဥပမာပြ

| | |
|---|---|
| နံ့သာထုံမွှမ်း | ပုံပန်းအတူ၊ |
| ထုံထုံကြိုင်မြ | နံ့စွဲတမူ။ |
| အာသေဝန | ဖြစ်ကြနည်းတူ၊ |
| ရနံ့စွဲ | ကြိုင်မြ မွှေးကြူကြူ။ |

အထက်ဖော်ပြပါ ဥပမာအတိုင်းပင် အာသေဝနပစ္စည်း ပါဝင်ကြတဲ့ ကုသိုလ်ဇောစိတ်များလဲ အာသေဝန သတ္တိစွမ်းများကို အဆင့်ဆင့်ပေးသွားလေ့ ရှိကြပါတယ်၊ ကုသိုလ်ဇောဆိုရာဝယ် တစ်ကြိမ်တစ်ခါသာ ဖြစ်လေ့ရှိတဲ့ မဂ်ဇော၊ အဘိညာဉ်ဇောနှင့် နောက်ဆုံးဇောများမှာ အာသေဝန သတ္တိထူ မရှိကြပါ။ အကြိမ်များစွာ ဖြစ်လေ့ရှိကြတဲ့ ကုသိုလ်များမှာသာ အာသေဝန သတ္တိ

ရှိကြတယ်လို့ သေချာစွာမှတ်သားထားပါ၊ ကုသိုလ်များသာ အာသေ ဝနဖြစ်သည် မဟုတ်ကြပါ။

အကုသိုလ်စိတ် အကုသိုလ်ဇောများလဲ ဤ အာသေဝနသတ္တိ ရှိကြပါတယ်၊ ဥပမာအားဖြင့် ရေပုပ်ရေသိုးတွေ သိုလှောင်ထားတဲ့ တံစီးတွင်းများနှင့် တူလှပါတယ်၊ ရေပုပ်ရေသိုး မသန့်ပြန့်တဲ့ ရေမှန်သမျှ ၎င်းတံစီးတွင်းထဲမှာချည်း သွန်းလောင်းထားပါက မကောင်းတဲ့အနံ့တွေ စွဲထုံနေပါတော့တယ်၊ အကုသိုလ် အာသေဝန အကုသိုလ်အလုပ်ကြီးနဲ့ နေ့စဉ် ပြုလုပ် ပြောဆို ကြံစည်နေကြသူ များမှာ အကုသိုလ် အာသေဝန အစွဲအထုံ နာလွန်း၍ လွန်စွာ ကြောက်မက်ဖွယ် ကောင်းလှပါတယ်။

မစင်ဗွက်တွင်း မသက်ဆင်းမိအောင် ကြိုးစားဖို့ အရေးကြီးပါ တယ်၊ ထိုမှတစ်ပါး ဘုရား, ရဟန္တာတို့သန္တာန်မှာ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ကြိယာအဗျာကတဇောများလဲ ရှိပါသေးတယ်၊ ၎င်းကြိယာ အဗျာကတဇောများမှာလဲ အာသေဝန သတ္တိထူးရှိကြ၍ အဆင့်ဆင့် ကျေးဇူးပြုမှု ပေး, ပေးပြီး သွားကြပါတယ်။

## ပါရမီပြည့်တာ အာသေဝနသတ္တိစွမ်းကြောင့်

အာသေဝန ပစ္စယကြောင့်ပေ၊
သချေ့လေးရပ် သိန်းကပ်ထွေထွေ။
ပါရမီစီးပွား ပြည့်ငြားမှန်ပေ၊
ဘုရားစစ် ဖြစ်၏မှတ်ကြလေ။

အာသေဝန သတ္တိစွမ်းအဟုန်များ အဆင့်ဆင့် အားကောင်းကောင်းလာ၍သာ၊ (ဝါ) မကုန်မခန်းဘဲ ဆက်လက် ကျေးဇူးပြုမှုကြောင့်သာ ပါရမီတော်များ ပြည့်စုံတော်မူကြ၍ ဘုရားအဖြစ်သို့ ရောက်တော်မူကြပါတယ်။

ဤ အာသေဝနပစ္စည်းမှာ ကုသိုလ်, အကုသိုလ်, ကြိယာ, အဗျာကတ နာမ်တရားအချင်းချင်း ကျေးဇူးပြုပုံကို ဟောတော်မူပါတယ်၊ ဒါနကုသိုလ်, သီလကုသိုလ်, ဝိပဿနာကုသိုလ် အာသေဝန ပါရမီမျိုးရကြ၍ တရုဏဝိပဿနာမှ ဗလဝဝိပဿနာအဆင့် ပုဗ္ဗဘာဂမဂ်များ၊ ယင်းပုဗ္ဗဘာဂမဂ်မှ သက္ကာယဒိဋ္ဌိရန်ကို အပြီးအပိုင် ပယ်သတ်နိုင်သော မဟာသောတာပန် အပရဘာဂ မဂ်စခန်းသို့ တက်လှမ်း ကူးမြောက်နိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၁၃။ ကမ္မပစ္စည်း

## ကျက်မှတ်ရန်

ကမ္မပစ္စယော – အကြောင်းကံအမှုဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

▓

## ဆောင်ထားရန်လင်္ကာ

ခေါင်းဆောင်အလား မှတ်သားစေတနေ့၊
သူမပါဘဲ ပြီးလဲမပြီးပေ။
သူ့ကိစ္စလဲ ဆောင်မြဲဆောင်လေ၊
တွဲဘက်များ ထင်ရှားတိုက်တွန်းပေ။
(စေ)ကိုပဲ ခေါ်မြဲ ကမ္မပစ္စယေ။

■

## နာနက္ခဏိက ကမ္မကောက်ယူပုံ

မျိုးစေ့အလား မှတ်သားစေတနေ့၊
နာနက္ခဏိက ကမ္မခေါ်ပေ။
ကြဲချိန်ကာလ သိမ်းကြကာလေ၊
မတူဘဲ အမြဲတစ်ခုစီနေ၊
ကာလကွဲ ခေါ်မြဲ နာနက္ခဏေ။
ဒါကိုပဲ ခေါ်မြဲ နာနက္ခဏေ။

■

## ကမ္မပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ကမ္မပစ္စည်း သဘောသွားကို ဆက်ပြီးလေ့လာကြဦးစို့၊ ဗုဒ္ဓဘာသာဝင် သူတော်စင်မှန်သမျှ ဒီကမ္မ–ကံသဘောကို များစွာ သိသိုက်ကြပါတယ်၊ သမ္မာဒိဋ္ဌိ အစအုတ်မြစ်ဖြစ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ပါဝင်နေသည့်အတွက် ဗုဒ္ဓဘာသာဝင်တိုင်း ကံကို

ယုံကြည်တဲ့အသိဉာဏ်မှ အစပြုကြရပါတယ်၊ ကံဆိုသည်မှာ အလုပ်ကိစ္စကို ခေါ်ပါတယ်၊ အမှုအလုပ် အမိပ္ပါယ်များဟာ ကမ္မ၏ အနက်အဓိပ္ပါယ်များ ဖြစ်ပါတယ်၊ တရားကိုယ်အရ ကောက်ပြပါဆိုလျှင် စေတနာကို ကောက်ယူပါ၊ စေတနာကိုပဲ ကံခေါ်ကြောင်းကို (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ)လို့ ဆိုပါတယ်။

ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာနှင့် အဗျာကတ စိတ်တို့၌ ယှဉ်လျက်ရှိသော စေတနာကံတရားသည် အတတ်ပညာရှင် ဆရာကြီး, အသိပညာရှင်ဆရာကြီးများနှင့် များစွာတူလှပါတယ်၊ ယင်း ဆရာကြီးဟာ သက်ဆိုင်ရာလုပ်ငန်းတစ်ခု ပြုလုပ်ကြရာ လက်အောက်ငယ်သားများကိုလဲ တိုက်တွန်းပေးရပါတယ်၊ ဤနည်းတူပင် စေတနာကံတရားဟာလဲ တွဲဘက် စိတ်စေတသိက်တို့အား တိုက်တွန်းပေးခြင်း, မိမိ၏အမှုကိစ္စကိုလဲ ပြုလုပ်ဆောင်ရွက်ခြင်းဆိုတဲ့ အလုပ်များ ပြုလုပ်ပါတယ်။ ဒါကြောင့် ရှေ့သွားခေါင်းဆောင် အတတ်ပညာရှင် ဆရာကြီးနှင့်တူကြောင်း နှိုင်းခိုင်းကြပါတယ်၊ တစ်နည်းအားဖြင့်ဆိုသော် ယင်းစေတနာကံကို မျိုးစေ့နှင့်လဲ ဥပမာပြုကြပါတယ်။

အောင်မြင်သောမျိုးစေ့ကို ကောင်းစွာနေလှန်းပြီးထားကြပါတယ်၊ ၎င်းမျိုးစေ့ကို ရာသီအလိုက် စိုက်ပျိုးကြသောအခါ ယင်းမျိုးစေ့အတွင်းမှာ အစို့အညှောင့်ပေါက်မှု, ပင်စည် အကိုင်း အခက် အရွက် အပွင့် အသီးများ သီးကြပါတယ်၊ မစိုက်ပျိုးသေးမီ ယင်းမျိုးစေ့အတွင်းမှာ စို့ညှောင့် ပင်စည်မှစ၍ အပွင့်အသီး သီးနိုင်တဲ့ သတ္တိထူးများဟာ ၎င်းမျိုးစေ့အတွင်းမှာ ရှိပါတယ်။

ဤမျိုးစေ့များနှင့်အတူ လောကီကုသိုလ်, အကုသိုလ်တို့နှင့် ယှဉ်သော စေတနာကံတရားထဲမှာလဲ ယခုဘဝမှစ၍ နိဗ္ဗာန် ရောက်သော ဘဝတိုင်အောင် အရိပ်သဖွယ် ကောင်းကျိုးများကို ပေးစွမ်းနိုင်သော ကောင်းကံများနှင့် ဘဝတိုင်းဘဝတိုင်း အမြဲ နှိပ်စက်ကြမယ့် အကုသိုလ်ကံများလဲ ရှိပါတယ်၊ ၎င်းမကောင်းကံ များ မပြုလုပ်မိအောင် သတိဆောင်ပါလေ၊ မကောင်းတဲ့ မျိုးထားမိ စိုက်ပျိုးမိသလို ဖြစ်နေပါလိမ့်မယ်။ ယင်းစေတနာကို (နာနက္ခဏိက ကမ္မ)လို့ ခေါ်ဆိုပါတယ်။ နာနက္ခဏိကကံ အမည်များဟာ များပြား လှပါတယ်။

(၁) ယခုဘဝမှာပင် အကျိုးရတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံ။

(၂) ဒုတိယဘဝမှာ အကျိုးပေးနိုင်တဲ့ ဥပပဇ္ဇဝေဒနီယကံ။

(၃) တတိယဘဝကစ၍ နိဗ္ဗာန်မျက်မှောက်ပြုနိုင်သော ဘဝ တိုင်အောင် အကျိုးပေးစွမ်းနိုင်တဲ့ အပရာပရိယ ဝေဒနီယာကံ။

(၄) အကျိုးရချိန် အကျိုးမရလိုက်ဘဲဖြစ်ရသော အဟောသိကံ။

စတဲ့ ကံအမျိုးအမည်တွေဟာ (နာနက္ခဏိကကံ)အမျိုးတွေချည်း ဖြစ်ကြပါတယ်၊ နာနက္ခဏိကအဓိပ္ပါယ် အနည်းငယ်မျှ ပြောလိုပါ တယ်၊ နာနက္ခဏိက-ကံဆိုသည်မှာ ပြုလုပ်ထူထောင်ချိန်က တစ်ချိန် ဖြစ်ပါတယ်၊ အကျိုးရချိန်က တစ်ချိန်ဖြစ်ပါတယ်။ ဤကဲ့သို့ အချိန် ကာလမတူကြသည်ကိုပင် နာနက္ခ ဏိကကံ ခေါ်ပါတယ်၊ ဒါကြောင့် စပါးစိုက်ပျိုးပုံ ဥပမာပြ၍ ကဗျာ မှာ ဆိုထားပါတယ်၊ စပါးဟာ ဝါဆို, ဝါခေါင်လမှာ စိုက်ရပါတယ်၊ နတ်တော်, ပြာသိုလမှာ ရိတ်သိမ်းရပါတယ်၊ အချိန်မတူကြဘဲ အချိန်ကာလ ကွဲပြားသည်ကို

နာနက္ခဏိက—ကံလို့ ခေါ်ပါတယ်။

ပြုလုပ်သမျှ ကမ္မမည်တွင်၊
စေတနာလဲ ကံပဲမှန်တွင်။
စေတနာကောင်း ကံကောင်းခေါ်တွင်၊
စေတနာဆိုး ကံဆိုးသူပြိုဟ်ဝင်။

ဤကမ္မပစ္စည်း၌ ကံ, စေတနာ နာမ်တရားတို့၌ လက္ခဏာယာဉ် ဝိပဿနာတင်ပြီးလျှင် သူထင် ငါထင်တတ်သော ဒိဋ္ဌိယုတ်ကို အမြစ်ပါ ပယ်နှုတ်နိုင်သော အနတ္တဝိပဿနာအလုပ်ကို အားထုတ် ပွားများနိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၁၄။ ဝိပါကပစ္စည်း

## ကျက်မှတ်ရန်

ဝိပါကပစ္စယော – အကျိုးဝိပါက်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## သောင်သားရန်လင်္ကာ

စပါးကောက်ပဲ မှည့်ဆဲကာလေ၊
ကျိုးဝိပါက ပစ္စယတူပေ။

သန္ဓေပါယ်ရပ် လူနတ်ဗြဟ္မာ၊
ဖြစ်ပြန်ကြ ကျိုးရဝိပါကော။

■

## ပဋိသန္ဓေအခါ ဝိပါက

လူ့ဘုံနတ်ရပ် မြင့်မြတ်ဗြဟ္မေ၊
သန္ဓေဇာတိ တည်ရှိထွေထွေ။
အပ္ပါယ်ဇာတိ မချိုပူလေ၊
ရစမြဲ မလွဲ ဝိပါကော။

■

## ဝိပါကပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ကမ္မပစ္စည်း ဟောပြီးသည့် နောက်ကာလမှာ ဝိပါကပစ္စည်းကို ရှင်တော်မြတ်ဘုရား ဟောတော်မူခြင်းသည် လွန်စွာ အချက်ပိုင်တော်မူပါတယ်၊ ကမ္မပစ္စည်းမှာ ကံအမျိုးမျိုးစုံလင်အောင် ဟောတော်မူပါတယ်၊ ၎င်းကံတရားများဟာ မျိုးစေ့များသဖွယ်ဖြစ်ပြီး ကောင်းကံ, မကောင်းကံများပါဝင်ပြီးလျှင် ယခုဝိပါကပစ္စည်း ရောက်တဲ့အခါ ကောင်းကျိုးဆိုးပြစ် အဖြစ်မျိုးစုံရကြပုံ, ရောက်ကြပုံတွေကို ဟောတော်မူပြန်ပါတယ်။

ဤဝိပါက အကျိုးတရားတွေကို ဥပမာပြု၍ ပြောပြပါမယ်၊ စပါးများ မှည့်ချိန်အခါမျိုးနှင့် တူလှပါတယ်၊ စပါး ကောက်ပဲ မှည့်ရင့်သောအချိန်မှာ ၎င်းကောက်စပါးပင်များ တိုးတက်ဖြစ်ပွားရန်

ဗျာပါရမရှိတော့ပါ၊ အပြီးအဆုံးကာလသို့ ရောက်ရှိနေပါပြီ၊ အခင်းရှင် 'ပုဂ္ဂိုလ်တွေမှာလဲ မှည့်ရင့်သောကောက်စပါးများကို မိမိတို့ အလိုရှိသလို သုံးဆောင်စားသောက်နိုင်ကြပါပြီ၊ ခံစားနိုင်ကြပါပြီ၊ ယင်းကဲ့သို့ ခံစားသုံးဆောင်ရတာမျိုးကိုပင် ဝိပါကအကျိုးရတယ်၊ အကျိုးခံစားရတယ်လို့ ခေါ်ဆိုပါတယ်။

ဤကောက်စပါးများ မှည့်ရင့်သောအခါမျိုးနှင့် ဤဝိပါကအကျိုးဝိပါက်များဖြစ်ပုံဟာ တူလှပါတယ်၊ သံသရာဘဝထိုထိုတို့က ကောင်းမြတ်တဲ့ဒါနကံ၊ သီလကံစတဲ့ ကောင်းကံတွေကို ပြုလုပ်လာကြသူများမှာ လူအပင်၊ နတ်အပင်၊ ဗြဟ္မာအပင်တွေ ပေါက်ရောက်ကြပါတယ်၊ မကောင်းကံအမျိုးမျိုးကို ပြုလုပ်ခဲ့သောသူများမှာတော့ ငရဲပင်၊ တိရစ္ဆာန်ပင်၊ ပြိတ္တာပင်၊ အသူရကာယ်ပင်တွေ ပေါက်ရောက်ကြ သီးပွင့်ကြပါတယ်၊ ဒါတွေဟာ ဝိပါက– အကျိုးရမှုတွေပါပဲ။

ပဋိသန္ဓေ ကျိုးပေးကြတဲ့ ဝိပါကမျိုးသာ မဟုတ်သေးပါ၊ ပဝတ္တိအခါ ကာလမျိုးမှာလဲ ကောင်းမြတ်တဲ့အကျိုး၊ ယုတ်ညံ့တဲ့အကျိုးတွေကို ရကြ ခံစားကြရပါသေးတယ်၊ ကောင်းကျိုးအားလုံး တရားတွေဟာ ဝိပါကချည်းပဲ မှတ်ကြပါလေ၊ ကောင်းမြတ်တဲ့ ဣဋ္ဌာရုံများကို ခံစံရ သုံးဆောင်ရပါလျှင် ကောင်းကျိုးရပြီလို့ မှတ်ပါ၊ သံသရာက ကောင်းကံကို ထူထောင်ခဲ့လို့ မှတ်ပါ၊ ဒါကြောင့် (ဣဋ္ဌေဟုသလဝိပါကာနိ)လို့ ဆိုပါတယ်။

သံသရာက မကောင်းကံတွေ ထူထောင်ခဲ့ပါလျှင် မိမိတို့ မလိုလားတဲ့ အနိဋ္ဌာရုံတွေနဲ့သာ တွေကြုံကြရပါတယ်၊ ခေါင်းတိမ်းလို့

မရကြဘဲ တွေ့ကြုံခံစားရပါတော့တယ်၊ ယင်းဝိပါက်စိတ်များ ဖြစ်ကြပုံကို ဥပမာတူ တစ်နည်းပြကြပါသေးတယ်၊ အေးချမ်းသောသစ်ပင်ရိပ်ကြီးအောက်မှာ အပန်းဖြေနေတာမျိုးနှင့်လဲ နှိုင်းခိုင်းကြပါသေးတယ်၊ ပင်ရှင်စားများနှင့်လဲတူတယ်လို့ ဆိုရပါမယ်၊ ငယ်ရွယ်စဉ်ကမင်းမှုကို ထမ်းဆောင်လာခဲ့ရာ မိမိတို့ နှစ်တမ်းစေ့သောအခါ အေးအေးဆေးဆေး ပင်ရှင်လခနှင့် နေကြတာမျိုးနှင့်တူလှပါတယ်။

ပဝတ္တိအကျိုးနှင့် ပဋိသန္ဓေအကျိုးရကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေဟာ အလိုအလျောက်ဖြစ်ရတာမျိုး မဟုတ်ပါ၊ ဖန်ဆင်းရှင်ကြောင့်လဲ မဟုတ်ပါ၊ ကမ္မပစ္စည်းမှာပါတဲ့ ကောင်းကံ, မကောင်းကံများကြောင့် ကောင်းကျိုး, မကောင်းကျိုးများဖြစ်ရတာပါကလားဟု အကြောင်းကံများကိုလည်းကောင်း, အကျိုးဝိပါကကိုလည်းကောင်း သေချာစွာသိမြင်၍ ပုဂ္ဂိုလ်မရှိ သတ္တဝါမထင် သက္ကာယဒိဋ္ဌိစွာစင်အောင် ရှောင်တခင် အားထုတ်နိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၁၅။ အာဟာရပစ္စည်း

## ကျက်မှတ်ရန်

အာဟာရပစ္စယော – ဆိုင်ရာတရားတို့ကို ဆောင်ရွက်ခြင်း
ထောက်ပံ့ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော
တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

ကျောင်း, အိမ်အိုမင်း, မခိုင်ခြင်းကြောင့်၊ ချို့ယွင်းဖောက်ပြန်
ကျားပေဟန်၊ ထောက်ပြန်အာဟာရာ။

■

## အာဟာရပစ္စည်း အစိပ္ပါယ် ရှင်းလင်းချက်

အာဟာရပစ္စည်းသဘောကို ဆက်လက်ပြီး လေ့လာကြပါဦးစို့၊ ဤအာဟာရဆိုတဲ့စကားအရ စားသောက်ဖွယ်အသွယ်သွယ် မျိုးဝါးစရာ အဖြာဖြာထဲမှာ ဓာတ်ဆီဓာတ်စေးခေါ်တဲ့ ဩဇာရုပ် ပါပါတယ်၊ ၎င်းဩဇာရုပ်ကို ရုပ်အာဟာရဟု ခေါ်ပါတယ်၊ ချို, ချဉ်, စပ်, ဖန်, အငန်အခါး ရသာခြောက်ပါးကို အာဟာရမခေါ်ရပါ၊ မကောက်ရပါ။

၎င်းခြောက်ပါးထဲမှာ ပါဝင်တဲ့ ဓာတ်အဆီ ဓာတ်အစေးများကိုသာ အာဟာရရုပ်ကောက်ပါ၊ အာဟာရပစ္စည်း ကောက်ယူရပါမည်၊ ယင်းဩဇာရုပ်သည် မိမိတို့နှင့်အတူ ဖြစ်ဘက်တရားတို့အား (အာဟာရ ဩဇာရုပ်တို့အား) တိုးတက်ကြီးပွားအောင် ထောက်ပံ့ကြပါတယ်၊ ဥပမာထင်လွယ်အောင် ပြောပြပါဦးမယ်၊ အိုးအိမ်ဆွေးမြေ့နေတဲ့ ကျောင်းအို, အိမ်အိုကြီးများကို မယိုင်လဲအောင် ခိုင်မြဲအောင် ကျားများထောက်ပံ့ပေးခဲ့ပါလျှင် မပြိုမကျဲ မယိုင်လဲဘဲ အသင့်အတင့် ခိုင်မြဲသွားစေနိုင်ပါတယ်။

ဤဥပမာအတူ လူစသော သတ္တဝါတို့၏ ခန္ဓာကိုယ်ကြီးများဟာ ကျောင်းအို, အိမ်အိုနှင့်မခြား အလားတူလှပါတယ်၊ နေ့စဉ်မှန်မှန် မျိုးဝါးစားသောက်ရမှသာလျှင် ဤခန္ဓာရုပ်ကာယကြီး တည်တံ့နိုင်ပါ

တယ်၊ "သဗ္ဗေသတ္တာအာဟာရ ဋ္ဌိတိကာ" အာဟာရကျား မစား မသောက် ကျားမထောက်ခဲ့ပါလျှင် ခန္ဓာကိုယ်အိမ်ကြီးသည် ပျက်စီး ဆုံးရှုံးဖို့သာ ရှိပါတော့တယ်၊ ဒါကြောင့်သာလျှင် နေ့တိုင်းနေ့တိုင်း ကျားထောက်ပေးကြတယ်၊ ဒါက ရုပ်အာဟာရဖြစ်ပုံကို ရှင်းပြချက် ပါပဲ။

■

## ဩဇာရုပ်သည် အာဟာရပစ္စည်း

ဩဇာဆီစေး　　　ခေါ်ရေးဟာရာ၊
အလုပ်အလွေး　　　စားရေးသောက်တာ။
ခြောက်ခုရသ　　　ဩဇာဆီပါ၊
ရုပ်ဟာရ　　　ဆောင်ကြပစ္စယာ။

ရုပ်များသာ အာဟာရဖြစ်သည် မဟုတ်ပါ၊ နာမ်တရားများလဲ အာဟာရဖြစ်နိုင်ပါတယ်၊ နာမ်အာဟာရအပါအဝင် ဖဿနာမ်ဟာ ထောက်ပံ့ပေးနိုင်ပါတယ်၊ နတ်သမီး၏အတွေ့ကြောင့် ဣသိသိင် ရသေ့ကြီး မသေစေပျောက်ပုံကို ကြည့်ရှုပါလေ။

■

## ဖဿ စေတနာ ဝိညာဉ်တို့က ထောက်ပံ့ပုံ

ဖဿဟာရ　　　တကွစေတနာ၊
ဝိညာဉ်စိတ်ဓာတ်　　　ဖြစ်လတ်ဟာရာ။
နာမ်အာဟာရ　　　မှတ်ကြလေပါ၊
ဆိုင်ရာများ　　　ထောက်ထားကျားပမာ။

■

## စေတနာဟာရ ထောက်ပံ့ပုံ

စေတနာဟာရ ပစ္စယတည်နေ၊
ကံအမျိုးမျိုး ပွားတိုးစေပေ၊
ကမ္မပစ္စယ ဘဝထွေထွေ၊
ထောက်ပံ့ငြား မှတ်သား စေတနေ။

## ဝိညာဏဟာရ ထောက်ပံ့ပုံ

ဝိညာဏ်စိတ်ဓာတ် ပစ္စယတ်တည်နေ၊
ခံစားမှတ်သား ပြင်တရားထွေထွေ။
နာမ်ခန္ဓာအား တိုးပွားတည်စေ၊
ထောက်ပံ့ကြ ဝိညာဏပစ္စယေ။

## ရုပ်အာဟာရ ထောက်ပံ့ပုံ

ဩဇာဓာတ်သား ပရမတ်တရားမှန်ပေ၊
ရုပ်အာဟာရ ပစ္စယယူလေ။
ကြွင်းရုပ်ကျန်များ ကျိုးတရားယူပေ။
ကလာပ်တူများ ထောက်ထားကျားပုံမသွေ။

ရုပ်အာဟာရ, နာမ်အာဟာရတို့၏ ထောက်ပံ့မှုကြောင့် တည်တံ့နေကြသော ရုပ်နာမ်အကျိုးတရားများသာ အမှန်တကယ်ရှိသည်ဟု ပိုင်းပိုင်းခြားခြားသိသော (ဒိဋ္ဌိဝိသုဒ္ဓိ)ဉာဏ် ရင့်သန်ကြလျက် ပုဂ္ဂိုလ်

သတ္တဝါ ငါသူထင်မှတ် သက္ကာယဒိဋ္ဌိဓာတ်ကို ရပ်တန်းက အမြန် ရပ်နိုင်အောင် အဖန်ဖန်အထပ်ထပ် ပဋ္ဌာန်းဉာဏ်သွင်းလတ်၍ မဂ်ဖိုလ်မြတ်နန်းနိဗ္ဗာန်သို့ လှမ်းစိတ်ယူ ပန်ဆင်နိုင်ကြပါစေ – ဓမ္မ အဆွေ ယောဂီတွေတို့။

# ၁၆။ ဣန္ဒြိယပစ္စည်း

## ကျက်မှတ်ရန်

ဣန္ဒြိယပစ္စယော – ဆိုင်ရာတရားတို့ကို အစိုးရသောအားဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

ဘုရင်စောထီး၊ တိုင်းပြည်ကြီးကို၊ အုပ်စီးစိုးရ
ပိုင်ဆိုင်သ၊ ဣန္ဒြိယခေါ်။

## တစ်နည်းဆောင်ပုဒ်

မှူးမတ်အလား၊ ငိုင်ရာများကို၊ ပိုင်စားစိုးရ
ပုံတူပြ၊ ကြ ဣန္ဒြိယခေါ်။

## ဣန္ဒြိယပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ဣန္ဒြိယပစ္စည်းသဘောကို ဆက်ပြီးလေ့လာကြဦးစို့၊ ဣန္ဒြိယ ပုဒ်ဟာ အစိုးရခြင်း အနက်အဓိပ္ပါယ်ကို ဟောပါတယ်၊ အစိုးရခြင်း ဆိုရာမှာ ၂–မျိုးရှိပါတယ်၊ အဓိပတိအစိုးရနည်းနှင့် ဣန္ဒြိယအစိုးရပုံ တို့ပါပဲ၊ အဓိပတိ အစိုးရပုံမျိုးကို စကြမင်းကြီး အစိုးရပုံနှင့် တူကြောင်းကို ပြောခဲ့ပါပြီ၊ ယခု ဣန္ဒြိယအစိုးရမျိုးကတော့ ပဒေသရာဇ်မင်း ခကရာဇ်မင်းများ၏ အစိုးရခြင်းမျိုး ဖြစ်ပါတယ်၊ တစ်နည်းဆိုသော် အမတ်ကြီး ဝန်ကြီးတို့၏ အစိုးရခြင်းမျိုးနဲ့ တူလှပါတယ်၊ ဥပမာ–အလုံနယ်အတွက် အလုံဝန်, ဗန်းကျီနယ်အတွက် ဗန်းကျီဝန်, ကန်နီနယ်အတွက် ကန်နီဝန်များ အစိုးရခြင်းမျိုးပါပဲ။

မျက်မှောက်ခေတ်အနေမျိုး ပြောရလျှင် ပညာရေးဝန်ကြီး, ကျန်းမာရေးဝန်ကြီး စသည်များမှာ မိမိတို့ဌာနဆိုင်ရာမှာသာ အစိုးတရ ရှိကြသလိုပါပဲ၊ ဤဣန္ဒြိယပစ္စည်းမှာ ပါဝင်ကြတဲ့ ရုပ်ဘက်ဆိုင်ရာ ဣန္ဒြိယအစိုးရမင်းများနှင့် နာမ်ဘက်ဆိုင်ရာ အစိုးရမင်းများမှာ နှစ်ပိုင်းပိုင်းပြီး အုပ်ချုပ်ကြပါတယ်၊ ရုပ်အစိုးရ ဣန္ဒြိယတစ်ခုကို ပြောပြပါမယ်၊ မျက်နက်ဝန်းအလယ်မှာ မျက်ကြည်ရုပ်ဆိုတာ ရှိပါတယ်၊ ၎င်းမျက်ကြည်ရုပ်ဟာလဲ သူ့ဆိုင်ရာနယ်ပယ်ကို အစိုးတရ အုပ်ချုပ်ပြီး ဖြစ်စေပါတယ်၊ ယင်းမျက်ကြည်ရုပ်က မြင်သိစိတ် နာမ်တရားအပေါ် စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်စွမ်းရှိပါတယ်။

မျက်ကြည်ရုပ်နည်းအတူပင် နားအကြည်ရုပ်, နှာအကြည်ရုပ်, လျှာအကြည်ရုပ်, ကိုယ်အကြည်ရုပ်တို့ကလဲ ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်တို့အပေါ်မှာ စိုးမိုးအုပ်ချုပ်ကြပါတယ်၊ ရုပ်

၂၈-ပါးထဲမှာ ရုပ်တို့၏အသက်ခေါ်တဲ့ ရုပ်ဇီဝိတဆိုတာ ရှိပါတယ်၊ ၎င်းဇီဝိတဘက် မိမိနဲ့ အတူဖြစ်ကြတဲ့ ကမ္မဇရုပ်တို့အပေါ်မှာ စိုးမိုးအုပ်ချုပ်ကြပါတယ်။

■

## ရုပ်ဇီဝိတက အုပ်ချုပ်ပုံ

ရုပ်သက်ခေါ်ကြား　　မှတ်သားဇီဝေ၊
တူကမ္မဇ　　စိုးရအနေ။
ဖြစ်လာစဉ်ရိုး　　မျိုးမျိုးစောင့်ပေ၊
ကျေးဇူးပြု　　ရုပဇီဝိန္ဒြေ။

■

## ပဥ္စပသာဒရုပ်တို့က ပဥ္စဝိညာဏအား အုပ်ချုပ်ပုံ

စက်, သော. ဃာန,　　ဇိ, ကာယပေ။
ပဥ္စဝတ္ထု　　ငါးခုအနေ။
ဆယ်ဝိညာဏ　　စိုးရဖြစ်စေ၊
ရှေးရှေးကျ　　စိုးရဣန္ဒြိယေ။

ဣန္ဒြိယပစ္စည်းထိုက်သော နာမ်တရားများလဲ ရှိပါသေးတယ်၊ ၎င်းတရားများကတော့ သဒ္ဓါ သတိဝီရိယစေတဂ္ဂများပါပဲ၊ ၎င်းတရားတို့က အတူဖြစ်ကြတဲ့ စိတ်စေတသိက်, စိတ္တဇရုပ်တို့အပေါ်မှာ စိုးမိုးအုပ်ချုပ်ကြပါတယ်။

■

## နာမ်ကွန့်တို့က ရုပ်နာမ် ၂–ပါးတို့အပေါ် အုပ်ချုပ်၍ဖြစ်ကြပုံ

နာမ်ဗိဝိတ မနဝေဒနာ၊
သဒ္ဒါဝိရိ သတိ ဧညာ။
အတ္တတဂ္ဂ ဖြစ်ကြစိတ်ပါ၊
စိတ္တဇ စိုးရနာမ်ရှစ်ဖြာ။

ဆိုင်ရာဆိုင်ရာ ရုပ်တရား နာမ်တရားတို့က စိုးမိုးအုပ်ချုပ်ကြ၍ ဖြစ်ပေါ်လာသော ရုပ်တရား, နာမ်တရားများကို ငါအစဉ်ထင်မှားတတ်သော သက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိဝိပလ္လာသ တရားဆိုး တရားယုတ် အဝင်မခံကြဘဲ အနတ္တဘာဝနာစခန်းသို့ အမြန်ဆုံးတက်လှမ်းနိုင်ကြ၍ သောတာပန် မဂ်နန်းဘုံသို့ ခိုလှုံကူးမြောက်နိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၁၇။ ဈာနပစ္စည်း

## ကျက်မှတ်ရန်

ဈာနပစ္စယော – နီဝရဏတရားတို့ကို လောင်မြိုက်စေတတ်
ကပ်၍ရှုတတ်သော တရားလည်းကောင်း။

၆၀

**ဆောင်ထားရန်လင်္ကာ**

သစ်ပင်တောင်ဖျား၊ နေသူများလည်း၊ နီးနားဝေးနေ

များထွေထွေ၊ ရှုလေရျာနခေါ်။

■

**တစ်နည်းဆောင်ထားရန်**

စိုက်စိုက်ရှုးရှူး၊ အထူးမြဲမှန်၊ ရှုအားသန်

ရျာန်ဟု ခေါ်သတတ်။

ရှူးစိုက်မြဲမှန်၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်။

■

## ဈာနပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ဆက်လက်ပြီး ဈာနပစ္စည်းကို လေ့လာကြပါဦးစို့၊ ဤ ဈာနပစ္စည်းမှာပါတဲ့ ဈာနပုဒ်ဟာ ရှုးရှူးစိုက်စိုက်ဆိုတဲ့ အဓိပ္ပါယ်ကို ဟောပါတယ်၊ ကသိဏ်းပညတ်စသော အာရုံတို့အပေါ်မှာ ရှုးရှူး စိုက်စိုက် ရှုလေ့ရှိကြပါတယ်၊ အာရုံအတွင်းမှာ ရှုးဝင်သွားသည် ထင်ရလောက်အောင် ရှုလေ့ရှိကြပါတယ်၊ ဥပမာအားဖြင့်ဆိုရလျှင် တိုင်အတွင်းမှာ သံချောင်းများ ရိုက်သွင်းရှုးဝင်နေသလိုပါပဲ။

တစ်နည်း-ဥပမာပြုကြသည်မှာ မြင့်မားတဲ့တောင်ပေါ်၊ မြင့်မားတဲ့ သစ်ပင်ကြီးများအပေါ်မှ ကြည့်ရှုသောအခါ တောင်ခြေနှင့် အဝေးအရပ်မှာရှိကြတဲ့ သက်ရှိကျွဲနွားစသော သတ္တဝါသက်မဲ့, လှည်း, လှေစသော အရာဝတ္ထုတို့ကို ထင်ထင်ရှားရှား မြင်ရခြင်းမျိုးနှင့်

အလားတူပါတယ်၊ အများပြောနေကြတဲ့ မြေလျှိုးမိုးပျံဈာန်ကစားတယ် ဆိုတာဟာ ဈာန်မဟုတ်ပါဘူး၊ ဈာန်၏အထက်ကျတဲ့ အဘိညာဏ် များသာ ဖြစ်ပါတယ်၊ ဈာန်ဆိုတဲ့စကားထဲမှာ ကုသိုလ်အလုပ်၊ အကုသိုလ်အလုပ် ၂–မျိုးလုံးပါဝင်ပြီး ရှုးရှုးစိုက်စိုက် လုပ်ကိုင်မှု အားလုံးဟာ ဈာန်တွေကြီးခေါ်ဆိုရပါတယ်။

■

## ဈာနအမည်ရပုံ

| | |
|---|---|
| အာရုံသို့ကပ် | ထက်ချပ်မသွေ၊ |
| ရှုးရှုးစိုက်စိုက် | ရှုလိုက်သလေ။ |
| အာရုံအတွင်း | ချင်းနှင်းဝင်နေ၊ |
| ဘယ်မရွေ့ | ကယ်၍ထင်ရပေ။ |

အထက်ဖော်ပြပါဥပမာနည်းတူ ဤဈာနပစ္စည်းမှာ ပါဝင်ကြတဲ့ ကြံစည်တတ်သောဝိတက်, သုံးသပ်ဆင်ခြင်တတ်သော ဝိစာရ နှစ်သက်မှုပီတိ, ခံစားလေ့ရှိတဲ့ဝေဒနာ, တစ်ခုတည်းသောအာရုံ အပေါ်မှာ တည်ကြည်စွာဖြစ်လေ့ရှိတဲ့ ဧကဂ္ဂတာတို့ဟာ မိမိဆိုင်ရာ ကသိုဏ်းပညတ်စသော အာရုံများအပေါ်မှာ ရှုးရှုးစိုက်စိုက် ရှုလေ့ ရှိကြပါတယ်၊ ၎င်းဈာန်များကို (အာရမ္မဏူပ နိဇ္ဈာန)ဈာန်ဟု နာမည် ရပါတယ်၊ ထို့နောက်တဖန် ရုပ်နာမ် သင်္ခါရ တများအပေါ်မှာ မမြဲ, ဆင်းရဲ, အစိုးမရသောသဘော ပါဝင်အောင် ဝိပဿနာ ဆင်ခြင်မှု မျိုးကိုတော့ (လက္ခဏူပ နိဇ္ဈာန)ဈာန်လို့ နာမည်ရပါတယ်။

■

## အာရမ္မဏူပ နိဿာနရှာန်

ကသိုဏ်းပညတ် စ-လတ်အာရုံ၊
စိုက်စိုက်ရှုးရှုး အထူးစွဲထုံ။
အာရမ္မဏူပ ရှာနခေါ်ကုန်၊
ရှာန်တစ်မျိုး ခေါ်ရိုးပြုကြကုန်။

## လက္ခဏူပနိဿာနရှာန်

တေဘူမက နှစ်ဝရုပ်နာမ်၊
ထပ်တလဲလဲ မစဲပျက်ပြန်။
ကုန်ခန်းအစစ် အနှစ်မဲ့ဟန်၊
ဝိပဿ်ရှု လက္ခဏာ ယူလေပြန်။

ဤရှာနပစ္စည်းမှာ အကြောင်းဘက်က နာမ်တရားများဖြစ်ကြ၍ အကျိုးဘက်မှာ နာမ်နှင့်ရုပ် ၂-မျိုးလုံးပါဝင်ကြသည်ကို အတိအကျ မြင်နိုင်ကြပြီးလျှင် အကြောင်းဘက် ရှာနတို့ကြောင့် အကျိုးဘက် ဖြောင့်ဆိုလုပ်ကိုင်မှု ရှာနအကျိုးတရားများသာ အမှန်ရှိ၏ဟု (ယထာဘူတ)ဉာဏ်ဝင်ပြီးလျှင် သူထင်-ငါထင် ဒိဋ္ဌိစု အသင်းအပင်းတို့ကို အမြစ်ပါ ခုတ်စင်းလျက် အကြွင်းမရှိ ပယ်ရှင်းနိုင်ကြပါစေ - ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၁၈။ မဂ္ဂပစ္စည်း

## ကျက်မှတ်ရန်

မဂ္ဂပစ္စယော – လမ်းခရီးသဘွယ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

တိုင်းပြည်မြို့ရွာ၊ ရောက်ဖို့ရာကို၊ တဖြာလမ်းကြီး၊ ပုံတူမှီး၍ အပြီးတူလှ၊ ဒု–သု–နှ၊ ရောက်စွ မဂ္ဂခေါ်။

## မဂ္ဂပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

မဂ္ဂပစ္စည်းသဘောကို ဆက်ပြီးလေ့လာကြပါဦးစို့၊ မဂ္ဂဆိုတာ လမ်းခရီးကို ဟောပါတယ်၊ ဤမဂ္ဂပစ္စည်းမှာလဲ လမ်းကြောင်းခရီးနှင့် တူကြတဲ့ တရားများကို ဟောတော်မူခြင်းဖြစ်ပါတယ်၊ ထင်ရှားတဲ့ ဥပမာ တင်ပြပါဦးမယ်၊ ဤမြန်မာနိုင်ငံမှာ အထင်ရှားဆုံးဖြစ်တဲ့ ရန်ကုန်မြို့ကြီး ရှိပါတယ်၊ ရန်ကုန်မြို့ရှိလျှင် ရန်ကုန်မြို့ကို ဝင်နိုင်ထွက်နိုင်တဲ့လမ်းများလဲ ရှိပါတယ်၊ ကုန်းလမ်း ရေလမ်းဆိုတာ အထင်အရှားရှိရမြဲ မမှတာပါပဲ၊ ထို့နည်းတူစွာ သတ္တဝါတို့ဖြစ်ကြရာ ဒုဂ္ဂတိဘုံ, သုဂတိဘုံ, နိဗ္ဗာန်ဘုံဆိုတဲ့ ဘုံကြီးသုံးဘုံဟာ မြို့ရွာကြီးများနဲ့ တူလှပါတယ်၊ ထိုရွာကြီးသုံးရွာရှိသလို ထိုရွာကြီးသုံးရွာသို့

ရောက်စေနိုင်တဲ့ ဒုဂ္ဂတိလမ်း, သုဂတိလမ်း၊ နိဗ္ဗာန်လမ်းဆိုတဲ့ လမ်းကြီးသုံးသွယ်လဲ ရှိပါတယ်။

■

## လမ်းကြီးသုံးသွယ်မဂ္ဂ

| | |
|---|---|
| လမ်းကြောင်းမဂ္ဂ | သုံးဝမှတ်ဖွယ်၊ |
| အပါယ်လမ်းကြောင်း | မကောင်းတစ်သွယ်။ |
| လူ့ပြည်ထက်ရပ် | ဖြဟ္မာနတ်တစ်သွယ်၊ |
| နိဗ္ဗာန်လမ်း | ဝင်္ခန်းလမ်းတစ်သွယ်။ |

အပါယ်ရွာသွားကြမယ့် သတ္တဝါတွေမှာ အယူမှားအယူလွဲတဲ့ မိစ္ဆာဒိဋ္ဌိ၊ လွဲမှားတဲ့အကြံ မိစ္ဆာသင်္ကပ္ပ၊ လွဲမှားတဲ့အပြော မိစ္ဆာဝါစာ၊ လွဲမှားတဲ့ပြုမှုမှု မိစ္ဆာကမ္မန္တဆိုတဲ့ လမ်းလွဲလမ်းမှားကြီး စွပ်ပြီး သွားကြ လိုက်ကြ လုပ်ကြပြီးလျှင် (ငရဲတိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်) အပါယ်လေးရွာသို့ ရောက်ကြပါတယ်။

သုဂတိရွာသွားကြမယ့် သတ္တဝါများကတော့ ကံ-ကံ၏ အကျိုးကို ယုံကြည်သော (ကမ္မဿကတာ သမ္မာဒိဋ္ဌိ)ကို အရင်းခံထားပြီး အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာပွားများမှု ပြုလုပ်ကြရာမှာ မှန်ကန်တဲ့အယူ, မှန်တဲ့အကြံ, မှန်တဲ့အပြော, မှန်တဲ့ အလုပ်, မှန်တဲ့အသက်မွေးမှု, မှန်တဲ့ကြိုးစားမှု, မှန်တဲ့သတိရမှု, မှန်တဲ့ တည်ကြည်မှုဆိုတဲ့ လမ်းမတော်ကြီးအတိုင်း ခရီးသွားကြရာ (လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ)ဆိုတဲ့ သုဂတိရွာကြီးကို ရောက်ကြပါတယ်။

နိဗ္ဗာန်ပြို့ကြီးရောက်လိုကြတဲ့ ပုဂ္ဂိုလ်များမှာတော့ တေဘူမက

ရုပ်နာမ်သင်္ခါရတရားတို့အပေါ်မှာ ဝိဇ္ဇာဉာဏ် ဦးတည်လျက် ဝိပဿနာဉာဏ် တိုးပွားအောင် နေ့မအားညမအား အပတ်တကုဘ် အားထုတ်ကြပါတယ်၊ တရုဏဝိပဿနာမှ ဗလဝဝိပဿနာအလုပ် ကို ပြင်းထန်စွာ အားထုတ်ရပါမယ်၊ ဗလဝ ဝိပဿနာအဆင့်မှ လောကုတ္တရာ မဂ်အဆင့်၊ ဖိုလ်အဆင့်သို့ ရောက်ကြပါတယ်၊ ၎င်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်တော်ကြီးကို ရကြသောအခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အလေးအမြတ်အာရုံဖြစ်တဲ့ မဟာအသင်္ခတ နိဗ္ဗာန ဓာတ်ကြီးကို အာရုံပြု မျက်မှောက်ပြုကြပါတယ်၊ ထိုသို့ အာရုံပြု နိုင်သည်ကိုပင် နိဗ္ဗာန်ဘုံကြီးရောက်ပြီလို့ ဆိုရပါတယ်။

𑁋

## မဂ္ဂအသီးသီးက ဘုံဌာနအသီးသီး ရောက်နိုင်ပုံ

| | |
|---|---|
| သမ္မာဒိဋ္ဌိ | ပို့ဘိကောင်းဘုံ၊ |
| နိဗ္ဗာန်မြို့လဲ | ပို့မြဲဖုံဖုံ။ |
| မစ္ဆာဒိဋ္ဌိ | ပို့ဘိပါယ်ဘုံ၊ |
| သုံးသွယ်လမ်း | ဖြောင့်တန်းပို့ကြပုံ။ |

ဤမဂ္ဂပစ္စည်းမှာပါဝင်ကြတဲ့ မဂ္ဂင်များက ကိုးပါးလုံး နာမ်တရား တွေချည်းဖြစ်ပါတယ်၊ အကျိုးပစ္စယုပ္ပန်များ သဟိတ်စိတ်, စေ တသိက်, စိတ္တဇရုပ်များ ပါဝင်ကြ၍ နာမ်ရုပ် ၂-ပါး ပါဝင်ကြပါ တယ်၊ အကြောင်းနာမ်များ ထောက်ပံ့မှုကြောင့် အကျိုးရုပ်နာမ် ၂-ပါးသာ အစစ်အမှန် အရှိတရားပါတကားဟု ပဋ္ဌာန်းဉာဏ် ဆီမီး တန်ဆောင်ကို ထွန်းညှိကြလျက် အတိအကျသဘောဖြစ်တဲ့ ပုဂ္ဂိုလ်

မပါပုံ၊ သတ္တဝါမရှိပုံတွေကို ပဋ္ဌာန်းဉာဏ်ငုံ၍ခြုံ၍ "နာမရုပ် အနိစ္စတော ဒုက္ခတော အနတ္တတော"ဟု ဝိပဿနာပွားထုံပြီးလျှင် နိဗ္ဗာန်ဘုံ အောင်နန်းသို့ စံမြန်းခိုလှုံနိုင်ကြပါစေ - ဓမ္မအဆွေ ယောဂီတွေတို့။

## ၁၉။ သမ္ပယုတ္တပစ္စည်း

### ကျက်မှတ်ရန်

သမ္ပယုတ္တပစ္စယော-ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

### ဆောင်ထားရန်လင်္ကာ

ထောပတ်ဆီပျား၊ တင်လဲအားဖြင့်၊ ရောပြားသောခါ
ယှဉ်တွဲပါမူ၊ (စ) တုမရှု၊ ပုံတူသမ္ပယုတ်ခေါ်။

### သမ္ပယုတ္တပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

သမ္ပယုတ္တပစ္စည်းသဘောကို ဆက်ပြီး လေ့လာကြဦးစို့၊ သမ္ပယုတ္တပါဠိဟာ ယှဉ်တွဲကြတယ်၊ အတူဖြစ်ကြပြီး ခွဲမရအောင်ပင် ရောနှောကြတယ်လို့ အဓိပ္ပါယ်ရပါတယ်၊ ဤသမ္ပယုတ္တပစ္စည်းမှာ တွဲနေပုံတူနေကြတဲ့ ဥပမာကတော့ စတုမဓုနဲ့တူကြောင်းကို ပြဆိုကြ

ပါတယ်၊ စတုမဂ္ဂဆိုတာ အချိုခာတ်လေးခု ပါဝင်တယ်၊ အချိုခာတ်လေးခု ပါဝင်ပါသော်လဲ တစ်ခုတည်းခွဲထုတ်ယူချင်လို့ မရနိုင်ဘဲ ခာတ်လေးပါး တွဲလျက်တွဲလျက်သာ ဖြစ်နေပါတယ်၊ ခာတ်လေးပါး ခွဲမရအောင် တွဲဖြစ်တာမျိုးကပင် သမ္မယုတ်ဖြစ်တယ် ယှဉ်နေတယ်လို့ ဆိုရပါတယ်၊ စတုမဂ္ဂဆိုတာ ထောပတ်, ဆီ, ပျား, တင်လဲ ခာတ်လေးပါးအလေးချိန် အညီအမျှ ဖော်စပ်ရပါတယ်။

■

## စတုမဓူပြုလုပ်ပုံ

| | |
|---|---|
| ထောပတ်ဆီပျား | ထည့်ပြားသကာ၊ |
| ထပ်တလဲလဲ | မွှေမြဲမွှေပါ။ |
| စိတ်စေတသိက် | ယှဉ်ရိုပ်မကွာ၊ |
| ခွဲမရ | တွဲကြသမ္မယုတ္တာ။ |

စတုမဂ္ဂသည် ခာတ်လေးပါး ခွဲမရအောင်ဖြစ်သလို စိတ်နဲ့ စေတသိက်များလဲ ခွဲခြား၍မရဘဲ ယှဉ်လျက်တွဲလျက် ဖြစ်ကြပါတယ်၊ စိတ်, စေတသိက် ယှဉ်တွဲပြီးဖြစ်ကြပုံကို နမူနာတစ်ခု တင်ပြပါဦးမယ်၊ တစ်စုံတစ်ခုကို မြင်တယ်ဆိုပါတော့—မြင်တယ်ဆိုတာ မြင်သိစိတ်လို့ မှတ်ထားပါ၊ ၎င်းမြင်သိစိတ်နှင့်အတူ ဖြစ်ဖော်ဖြစ်ဖက်စေတသိက်က ခုနစ်ပါးရှိပါတယ်၊ ၎င်းစေတသိက်ရဲ့နာမည်များကို ကြိုးစားပြီး မှတ်ထားစမ်းပါ၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရတို့ပါပဲ။

၎င်းစေတသိက် ၇—ပါးတို့ဟာ မြင်သိစိတ်နှင့်အတူတွဲဘက်ပြီး

မြင်မှုကိစ္စအလုပ်ကို အလုပ်လုပ်ကြပါတယ်၊ ၎င်း ၇-ပါး မပါဝင်ကြပါနဲ့လို့ ခွဲချန်ထားခဲ့သော်လဲ မရပါ၊ ၎င်းစေတသိတ်များကို ခန္ဓာဖွဲ့ခဲ့ပါလျှင် ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာများ ရကြပါတယ်၊ မြင်သိစိတ်က ဝိညာဏက္ခန္ဓာ, ပေါင်း-နာမ်ခန္ဓာလေးပါးတို့ ဖြစ်ကြပုံဟာ အလွန်ပင် ယှဉ်စပ်တွဲဖက် ခွဲမရအောင်ပင် ဖြစ်ကြပါတယ်။

ꩩ

## နာမ်ခန္ဓာလေးပါး တွဲပြီးဖြစ်ကြပုံ

မြင်စိတ်ရှေးဦး　　　　ကြီးမှူးပေါ်လာ၊
ခံစားမှတ်သား　　　　ပြင်တရားဆက်ခါ။
ခွဲမရ တွဲကြ　　　　အမြဲပ တူမကွာ၊
ခန္ဓာလေး　　　　ဖြစ်ရေး သမ္ပယုတ္တာ။

မြင်သိစိတ်, စေတသိက်တို့ အတူတွဲပြီးဖြစ်ကြသလို ကြားသိစိတ်နှင့် စေတသိက်, နံသိစိတ်စေတသိက်, စားသိစိတ်စေတသိက်, ထိသိစိတ်စေတသိက်, ကြံသိစိတ်စေတသိက်များလဲ ခွဲမရဘဲ အတူတွဲဖက်ပြီး ဖြစ်ကြပါတယ်။

ꩩ

## စိတ်စေတသိက် သမ္ပယုတ္တာဖြစ်ကြပုံ

စိတ်စေတသိက်　　　　ပေါင်းရိပ်မကုန်၊
ပစ္စည်း ပစ္စယုပ်　　　　ကောက်ထုတ်ယူကုန်။

ခွဲမရ တွဲကြ အမြဲပ ယှဉ်ကုန်၊
သမ္ပယုတ္တ ယှဉ်ကြ မှတ်လေကုန်။

ဤသမ္ပယုတ္တပစ္စည်းမှာ နာမ်, နာမ်ချင်း ကျေးဇူးပြုပုံကို မြင်သော အားဖြင့် ပုဂ္ဂိုလ်မပါ သတ္တဝါကင်းဆိတ် စိတ်, စေတသိက်ဆိုတဲ့ နာမ်တရားများသာ ဖြစ်ချည် ပျက်ချည် အတည်မကျ စိတ္တ နိယာမ အတိုင်း ဆုတ်မဆိုင်းဘဲ အပျက်တလစပ် ဘယညာဏ် ခန္ဓာကပ်လျက် ဝိပဿနာဉာဏ် ဓားသန်လျက်ကို ထက်မြက်အောင် သွေးထားနိုင်ကြပါစေ၊ ဝိပဿနာဉာဏ် ဓားသန်လျက်ဖြင့် အတ္တဒိဋ္ဌိရန်သူကို အပြီးအပိုင် ခုတ်ခွင်း ပယ်ရှားနိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

✣ ✣ ✣

# ၂၀။ ဝိပ္ပယုတ္တပစ္စည်း

## ကျက်မှတ်ရန်

ဝိပ္ပယုတ္တပစ္စယော – မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

■

## ဆောင်ထားရန်လင်္ကာ

ရေညွန့်ပဒုံ၊ ပမာပုံသို့၊ အာရုံ အရမ္မဏ်၊ စွဲတုံဘိလည်း၊
တွယ်ငြိသဘော၊ ယှဉ်ရောနှော၊ မှတ်လောကင်းသည်သာ။

■

## ဝိပ္ပယုတ္တပစ္စည်း အစိပ္ပါယ် ရှင်းလင်းချက်

ဝိပ္ပယုတ္တပစ္စည်းသဘောကို ဆက်ပြီး လေ့လာကြဦးစို့၊ ဝိပ္ပယုတ္တ၏ အနက်ကတော့ မယှဉ်တာ မတွဲဘဲဖြစ်တာ, တကွဲတပြားစီ နေတာကို ခေါ်ပါတယ်၊ ဥပမာစကား ရှိပါတယ်၊ "ပြဒါးတစ်လမ်း- သံတစ်လမ်း"ဆိုတာမျိုးပါပဲ၊ ယှဉ်ပြီးဖြစ်တဲ့ သမ္ပယုတ်သဘောကို ဟောပြီး၍ မယှဉ်မတွဲ သဘောကွဲလွဲကြတဲ့ ဝိပ္ပယုတ်သဘောကို ရှင်တော်ဘုရား ဟောတော်မူခြင်းဟာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှပါတယ်၊ ဤဝိပ္ပယုတ်သဘော ပေါ်လောပေါ်တဲ့ ဥပမာ ကတော့-ပဒုမ္မာကြာများဟာ ရေညှိနဲ့ကိုမှီတွယ်၍ ကြီးပွားရသော်လဲ ၎င်းရေများနဲ့တော့ လူးလဲခြင်းမရှိကြပါ၊ ယှဉ်တွဲခြင်းမရှိကြပါ၊ အမြဲ ဝိပ္ပယုတ် ဖြစ်နေပါတယ်၊ ထိုမှတစ်ပါး ဆီနဲ့ရေဟာလဲ တခြားစီသာ နေကြပါတယ်။

ဤဝိပ္ပယုတ္တပစ္စည်းမှာ ဥပမာတစ်မျိုး ပြတော်မူပါသေးတယ်၊ ဟင်းအိုးတစ်လုံးထဲမှာ အချိုဓာတ်, အချဉ်ဓာတ်, အစပ်ဓာတ်, အဖန်ဓာတ်, အငန်ဓာတ်, အခါးဓာတ်ပါတဲ့ ချက်ပြုတ်ဖွယ်ရာများကို စုပေါင်းပြီး ချက်ကြပြုတ်ကြသော်လဲ အရသာချင်း မရောမယှက်ကြဘဲ မိမိအရသာအတိုင်းသာ မိမိတို့ ဆောင်ကြပါတယ်၊ အရသာ ထွက်ကြပါတယ်၊ ရောနှောသွားခြင်းမရှိပါ၊ တကွဲတပြား တခြားစီ နေကြပါတယ်၊ ဝိပ္ပယုတ် ဖြစ်နေကြပါတယ်။

■

## ဝိပ္ပယုတ်ဥပမာပြ

ဟင်းတစ်အိုးတည်း ထည့်မြဲမှန်ပေ၊
ချိုခါတ် ချဥ်ခါတ် အစပ်တစ်ထွေ။
ဖန် ငန် အခါး ခြောက်ပါးရသေ၊
မရောယှက် သက်သက် ဝိပ္ပယုတ္တေ။

ရသာခြောက်ပါးအတူထားလဲ တစ်ပါးနဲ့တစ်ပါး မရောမယှက် မိမိသဘော မိမိတို့ တသီးတခြားဖြစ်ကြသလို ဤဝိပ္ပယုတ္တပစ္စည်းမှာ ဟောတော်မူတဲ့ တရားကိုယ်များလဲ အတူတွဲဖက်ပြီး သဟဇာတ ဆက်ကြသော်လဲ သဘောအကြော မရောနှောကြပါ၊ ၎င်းဝိပ္ပယုတ် ကောက်ရတဲ့ တရားများကတော့ ရုပ်တရားနဲ့ နာမ်တရားများပါပဲ၊ ဝိပ္ပယုတ်လေးမျိုးထဲက ပုရေဇာတဝိပ္ပယုတ်ဖြစ်ပုံတစ်ခုကို တင်ပြပါ ဦးမယ်၊ မျက်ကြည်ရုပ်ကိုမှီတွယ်ပြီး မြင်သိစိတ်ဖြစ်ရပါတယ်၊ ၎င်း မြင်သိစိတ်ဟာ မျက်ကြည်ရုပ်ကို မှီတွယ်၍ဖြစ်ရသော်လဲ ရောနှောခြင်း မရှိပါ၊ မှီတွယ်ရာရုပ်၏ သဘောလက္ခဏာက တစ်မျိုးတခြားဖြစ်ပြီး မှီတွယ်ဖြစ်ရတဲ့ မြင်သိစိတ်က နာမ်တရားဖြစ်နေပါတယ်၊ ဒါကြောင့် မရောမယှက် သက်သက်ဝိပ္ပယုတ်သာ ဖြစ်ကြပါတယ်။

အတူတကွ တစ်မြိုင်တည်းဖြစ်ကြသော်လဲ မရောနှောကြတဲ့ သဟဇာတ ဝိပ္ပယုတ်မျိုးကို တင်ပြပါဦးမယ်၊ ခန္ဓာငါးပါးလုံး ရကြတဲ့ လူစသော သတ္တဝါတွေဟာ ပဋိသန္ဓေ တည်စအခါမှာ နာမ်ရော ရုပ်ရော အပြည့်အစုံ ဖြစ်ကြရပါတယ်၊ ထိုသို့ပင် အတူဖြစ်ကြရ သော်လဲ ပဋိသန္ဓေ စိတ်စေတသိက်နာမ်နဲ့ ကလလရေကြည်မှာပါတဲ့ ဟဒယ ဝတ္ထုရုပ်တို့နှင့် မရောနှောကြပါ၊ သဘောကွဲလွဲကြပါတယ်၊

ဒါဟာ ဝိပ္ပယုတ်လို့ ခေါ်ပါတယ်၊ နောက်ကာလဖြစ်ရတဲ့ နာမ်တရားများက ရှေးဖြစ်နှင့်ပြီး ရုပ်ကာယများ ကျေးဇူးပြုရာမှာလဲ ရောနှောခြင်းမရှိ သဘောကွဲလွဲကြပါတယ်။

ဘယ်လိုပင် သဘောကွဲလွဲကြသော်လဲ ရုပ်နှင့်နာမ် နာမ်နှင့်ရုပ်များဟာ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုကြပုံတွေကို ဤဝိပ္ပယုတ္တပစ္စည်းမှာ အဆန်းတကြယ် အံ့ဩဖွယ်ရာတွေကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါတယ်၊ ခန္ဓာလေးပါး, ခန္ဓာတစ်ပါးရတဲ့ သတ္တဝါတွေအတွက် ဤဝိပ္ပယုတ္တပစ္စည်းမှာ ဟောတော်မမူဘဲ ချန်လှပ်ထားပါတယ်၊ ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ ခေါ်ဆိုပညတ် သမုတ်အပ်သော်လဲ ရုပ်နဲ့နာမ် နာမ်နဲ့ရုပ် အမြဲဝိပ္ပယုတ် တွဲဖက်အလုပ်လုပ်ကြခြင်းသာ အမှန်တကယ်အရှိပါတကားဟု ပဋ္ဌာန်းဉာဏ်ဝိပ္ပယုတ်ကို အစွမ်းကုန်ထိန်းအုပ်လျက် ဖြစ်ချုပ်မှုအရင်းတည်ပြီး ဝိပဿနာအလီလီကို ပွားများကြပြီးလျှင် ဒိဋ္ဌိယုတ်ရန်သူများကို ဖယ်ရှားနိုင်ကြပါစေ - ဓမ္မအဆွေ ယောဂီတွေတို့။

## ၂၁။ အတ္ထိပစ္စည်း

### ကျက်မှတ်ရန်

အတ္ထိပစ္စယော - ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော
တရားလည်းကောင်း။

**ဆောင်ထားရန်လင်္ကာ**

မြင်းမိုရ်တောင်မင်း၊ ရှိတုံလျှင်းကြောင့်၊ ပင်မင်းရကွေ့
များတွေ့တွေ့၊ ပွားစေ အတ္ထိခေါ်။

## အတ္ထိပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အတ္ထိပစ္စည်း ပဋ္ဌာန်းဆက်သွယ်နည်းကို လေ့လာကြပါဦးစို့၊ အတ္ထိပါဠိဟာ ထင်ရှားရှိနေဆဲဆိုတဲ့ အဓိပ္ပါယ် ရပါတယ်၊ မိမိတို့ ထင်ရှားရှိခိုက် ကျေးဇူးပြုပုံတွေပါပဲ၊ ထင်ရှားရှိခိုက် ကျေးဇူးပုံကို စွဲစွဲမြဲမြဲ မှတ်ထားပါဦး၊ ယခုလို အသိပေးရတာက ထင်ရှားမရှိတော့ ပေမယ့် ကျေးဇူးပြုလေ့ရှိတဲ့ နတ္ထိပစ္စည်း ဆန်းကြယ်တဲ့ ပဋ္ဌာန်းနည်း ကိုလဲ တွေ့ရပါလိမ့်မယ်၊ ထင်ရှားရှိနေခိုက် ကျေးဇူးပြုပုံ ဥပမာများ ကတော့ ထင်ရှားပေါ်လွင်လှပါတယ်၊ အထက်ပါ လင်္ကာအရ မြင်းမိုရ်တောင်ကြီးက ထင်ထင်ရှားရှားရှိနေတော့ ၎င်းအပေါ်မှာ သစ်ပင်များစွာ ပေါက်နိုင်ပါတယ်၊ ကြီးပွားဖြစ်ထွန်းနိုင်ပါတယ်၊ ပထဝီမြေကြီး ရှိနေလေတော့ သစ်ပင်တွေ အိမ်တွေ ကျောင်းတွေ တည်ရှိနေနိုင်ကြပါတယ်၊ ဒါဟာ မြေကြီးက ထင်ထင်ရှားရှား ရှိနေ လို့ပဲ မဟုတ်လား။

ပညတ်ပစ္စည်း တင်ပြပါဦးမယ်၊ မြင်းမိုရ်တောင်မင်းသည် (ထင် ရှားရှိစဉ်) ကျေးဇူးပြုတတ်သော အတ္ထိအကြောင်း (ပစ္စည်း) တရား တောင်ပေါ်၌ ပေါက်ရောက်သောသစ်ပင်အပေါင်းက ကျေးဇူးပြုခံရလို့ အတ္ထိအကျိုး (ပစ္စယုပ္ပန်)တရား၊ မြင်းမိုရ်တောင်ကြီးသည် ထင်ရှား

ရှိခိုက် ကျေးဇူးပြုနိုင်စွမ်းရှိတဲ့ အတ္ထိသတ္တိရှိပါတယ်၊ ထင်ရှားရှိခိုက် ကျေးဇူးပြုတတ်တဲ့ အတ္ထိအမျိုးအစားဟာ ၅-မျိုး ရှိပါတယ်၊ ယင်း ၅-မျိုးထဲက အတူတကွလဲဖြစ် ထင်ရှားလဲရှိခိုက် ကျေးဇူးပြုတဲ့ သဟဇာတ အတ္ထိဆိုတာ ရှိပါတယ်၊ နာမ်ခန္ဓာလေးပါးတို့ ဖြစ်ကြရာမှာ အတူတူလဲဖြစ်ကြပါတယ်၊ ထင်ထင်ရှားရှားလဲ ရှိနေဆဲပါပဲ။

## နာမ်ခန္ဓာလေးပါး သဟဇာတတ္ထိ

ကြံစိတ်ရှေးဦး ကြီးမှူးပေါ်လာ၊
ခံစားမှတ်သား ပြင်တရားဆက်ခါ။
ခွဲမရ တွဲကြ အမြဲပ တူမကွာ၊
ထင်ရှားရှိ အတ္ထိ မှတ်လေပါ။

## မဟာဘုတ်လေးပါး သဟဇာတတ္ထိ

မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးထွေ၊
အတူဖြစ်ကြ သဟဇာတတေ။
ခွဲမရ တွဲကြ အမြဲပတူပေ၊
ထင်ရှားရှိ အတ္ထိ မှတ်ကြလေ။

## ပဋိသန္ဓေအခါ ရုပ်နာမ်သဟဇာတတ္ထိ

| | |
|---|---|
| သန္ဓေဇာတိ | တည်ရှိကာလေ၊ |
| ရုပ်နာမ်နှစ်ဦး | ခွဲဘူးတူနေ။ |
| သန္ဓေပဋ္ဌဝေါ | မှတ်လောကာလေ၊ |
| ထင်ရှားရှိ | အတ္ထိမှတ်ကြလေ။ |

## ဝတ္ထုပုရေဇာတတ္ထိပုံစံ

| | |
|---|---|
| စက္ခုဝတ္ထု | မျက်ကြည်စုပေ၊ |
| (စက်) ဝိညာဏ်ဇာတ် | ဖြစ်လတ်ပုံသော၊ |
| အကြည်စက္ခု | ဝတ္ထုရှေ့နေ၊ |
| ထင်ရှားရှိ | အတ္ထိ မှတ်ကြလေ။ |

## ပစ္ဆာဇာတတ္ထိပုံစံကဗျာ

| | |
|---|---|
| စိတ်စေတသိက် | ဖြစ်ရိပ်နောက်နေ၊ |
| ပုရေဇာတ | ရုပ်ကရှေ့နေ။ |
| နောက်တရားက | ပြုငြားမသွေ၊ |
| ထင်ရှားရှိ | အတ္ထိ မှတ်ကြလေ။ |

## ရူပအာဟာရတ္ထိပုံစံကဗျာ

ဩဇာဓာတ်သား　　ပရမတ်တရားမှန်ပေ၊
ရုပ်အာဟာရ　　ပစ္စယတည်နေ။
ကြွင်းရုပ်ကျန်များ　　ကျိုးတရားယူလေ၊
ကျားပုံရှိ　　အတ္ထိ မှတ်ကြလေ။
ကျားပုံရှိ　　ထောက်ဘိ မှတ်ကြလေ။

## ရူပဇီဝိတိန္ဒြိယတ္ထိပုံစံကဗျာ

ရုပ်သက်ခေါ်ငြား　　မှတ်သားဇီဝေ၊
ထူကမ္မဇ　　စိုးရအနေ။
ဖြစ်လာစဉ်ရိုး　　မျိုးမျိုးစောင့်ပေ၊
ထင်ရှားရှိ　　အတ္ထိ မှတ်ကြလေ။

အထက်ဖော်ပြပါ အတ္ထိ (၅)မျိုးကို သေချာစွာမှတ်ထားပါ၊ အဝိဂတပစ္စည်း ရောက်တဲ့အခါမှာလဲ တရားကိုယ် .... အရကောက် တူကြသောကြောင့် အထူးမရေးတော့ပါ–ဤ အတ္ထိပစ္စည်းကို ပြန်၍ ညွှန်းရပါမည်၊ အတ္ထိ (၅)မျိုးရှိသလို အဝိဂတလဲ (၅)မျိုး ရှိတာပါပဲ၊ ဤ အတ္ထိပစ္စည်းအကြောင်းဘက် နာမ်ရုပ် ၂–ပါးတို့က အကျိုးဘက်၊ နာမ်ရုပ်နှစ်ပါးတို့အား ထင်ရှားရှိခိုက် ကျေးဇူးပြုပုံကို ဟောကြားတော်မူပါတယ်။

ရုပ်နာမ် ၂–ပါးသာ အမှန်တကယ်ရှိတယ်၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအထွေထွေ ရေနေ, ကုန်းနေ, ကောင်းကင်နေ၊ အခြေရှိ–မရှိ တိတိကျကျ သတ္တဝါဟု ရှာမရဘဲ အတ္ထိပစ္စယခန်း ပစ္စည်းကျေးဇူး ဆက်ပုံကို အာရုံမိမိ ရုပ်နာမ်တို့၏ အရှိကို သတိပြုဝေဖန်ကြ၍ "နာမရူပံ အနိစ္စတော ဒုက္ခတော အနတ္တတော"ဟု သဘောဉာဏ် ဝိပဿနာအသိကို မပျင်းမရိ ထူထောင်ကြလျက် သက္ကာယဒိဋ္ဌိရန်ကို မြန်မြန်ဆန်ဆန် လွန်မြောက်နိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီ တွေတို့။

# ၂၂။ နတ္ထိပစ္စည်း

## ကျက်မှတ်ရန်

နတ္ထိပစ္စယော – ထင်ရှားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

စကြာဘုန်းလျှံ၊ နတ်ရွာစံလည်း၊ ခြင်းချန်မွေနှစ်၊
မင်းအဖြစ်၊ ပေးလစ် နတ္ထိခေါ်။

## နတ္ထိပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

အတ္ထိပစ္စည်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဤနတ္ထိပစ္စည်းကိုဆက်ပြီး ဟောတော်မူခြင်းသည် လွန်စွာစိတ်ဝင်စားဖွယ် ကြည်ညိုဖွယ်ရာ ကောင်းလှပါတယ်၊ အတ္ထိပစ္စည်းက ဆိုင်ရာတရားများ ထင်ရှားရှိခိုက် ကျေးဇူးပြုကြပုံကို ဟောတော်မူပါတယ်၊ ယခု နတ္ထိပစ္စည်းကတော့ ချုပ်ဆုံးပြီးဖြစ်တဲ့ တရားများက ကျေးဇူးပြုပုံကို အဆန်းတကြယ် ဟောပြောပါတယ်၊ နတ္ထိဆိုတာ မရှိတဲ့အနက်ကို ဟောပါတယ်၊ မရှိတဲ့တရားများက ကျေးဇူးပြုပုံကို သဘောပေါက်ဖို့ အရေးကြီးပါတယ်။

မရှိဘူးဆိုရာမှာ အစကတည်းက မရှိတာမျိုးမဟုတ်ပါ၊ နဂိုပင်ရင်းကတော့ ရှိခဲ့ဘူးပြီး တရားတွေပါပဲ၊ သက်တန်းစေ့၍ ချုပ်ကြသောကြောင့်သာ မရှိတာမျိုးဖြစ်တာပါ၊ အစကတည်းကိုက မရှိတာဖြစ်ခဲ့လျှင် အဘာဝပညတ်မျိုး ဖြစ်နေပါလိမ့်မယ်၊ အစကတည်းက မရှိတာမျိုးဆိုလျှင်လဲ ကျေးဇူးပြုနိုင်ဖို့ရာ မဖြစ်နိုင်တော့ပါ၊ ဒါဖြင့်ယင် အစက ရှိဘူး, ဖြစ်ဘူးတယ်၊ နောက်ကာလမှချုပ်ကြ၍ မရှိတဲ့ မရှိမျိုးဟု မှတ်ထားပါ။

ဆောင်ပုဒ်လင်္ကာအရ ဖြေရှင်းပြဦးမယ်၊ စကြဝတ္တေမင်းကြီးသည် သားကြီးအိမ်ရှေ့မင်းသားအား ထီးမွေ, နန်းမွေ မင်းအဖြစ်ကို လွှဲအပ်တော်မူပြီး၍ နတ်ရွာစံပါတယ်၊ သားတော်ကြီးလဲ ရာဇဘိသိက်ကို ခံယူတော်မူ၍ မင်းပြုတော်မူပါတယ်၊ သားတော်ကြီး ရာဇဘိသိက် ခံယူချိန်မှာ ခမည်းတော်ကြီး မရှိတော့ပါ။ နတ်ရွာစံပြီးကာလ ဖြစ်နေပါပြီ၊ ဤကဲ့သို့ အသက်ထင်ရှားမရှိပါသော်လဲ အမွေအားလုံး

ပေးသွားမှုဟာ ခမည်းတော်ကြီးကပင် ပေးအပ်သမှု ကျေးဇူးပြုသွား သည် မဟုတ်ပါလား။

▦

## ဖခင်မင်းကြီး မရှိပါဘဲ ကျေးဇူးပြုပုံ

ဖခင်မင်းကြီး နတ်ထီးယွန်းစံ၊
သားကြီးလွှဲအပ် နန်းရပ်မွေခံ။
ဘိသိက်သားကြီး နန်းထီးစိုးစံ၊
စကြာမင်း အလျှင်း နတ်ရွာစံ။

ဖခမည်းတော်မင်းကြီးသည် နတ်ရွာစံသော်လဲ၊ ဝါ–နတ္ထိ အသက်ထင်ရှား မရှိပါသော်လဲ သားတော်အား ကျေးဇူးပြုမှုတွေ ရှိသလို၊ ဤနတ္ထိပစ္စည်းမှာ ဟောတော်မူသော စိတ်, စေတသိက် နာမ်တရားများဖြစ်ကြပုံဟာ အထက်ဖော်ပြပါဥပမာများနဲ့ တူလှ ပါတယ်။

တူကြပုံကို ရှင်းပြပါဦးမယ်၊ တစ်စိတ်, နှစ်စိတ်ရှိကြရာ ဘစ် စိတ် သက်တန်းစေ့၍ ချုပ်ပျောက်သောအခါ နှစ်စိတ်ဖြစ်ရပါတယ်၊ နှစ်စိတ်ဖြစ်ချိန်မှာ တစ်စိတ်မရှိတော့ပါ၊ ချုပ်သေပြီးပါပြီ၊ ယင်းကဲ့သို့ ချုပ်ရသော်လဲ၊ ဝါ–နတ္ထိ မရှိသော်လဲ မိမိပိုင်ဆိုင်တဲ့ ကောင်းမွေ, ဆိုးမွေများကိုတော့ နှစ်စိတ်အား လက်ဆင့်ကမ်း ပေးသွားပါတယ်၊ ဤကဲ့သို့ ချုပ်ဆုံးရသော်လဲ နောက်နောက်စိတ်တို့အား ကျေးဇူးပြုမှု သဘောကို နတ္ထိပစ္စည်းလို့ ခေါ်ပါတယ်၊ စကြာမင်းကြီးနှင့် တစ်စိတ် တူစေ၊ သားတော်နှင့် နှစ်စိတ်တူပါစေ။

▦

**တစ်စိတ်အမွေ နှစ်စိတ်ခံ**

တစ်စိတ်ချုပ်ပျောက် ဘင်ရောက်လေပြန်၊
နှစ်စိတ်ဖြစ်ရ မုချအမှန်။
တစ်စိတ်မွေနှစ် စံရစ်နှစ်မှန်၊
မရှိဘဲ ပြုမြဲကျေးဇူးမှန်။

တစ်စိတ်, နှစ်စိတ် တဆက်ကည်းမခြားဘဲ ဖြစ်ပါတယ်၊ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ကလဲ တဆက်တည်း ဖြစ်ကြပါတယ်၊ ဒါကြောင့် အနန္တရအမျိုးအစား ဖြစ်ကြပါတယ်၊ ချုပ်လေပြီးသောစိတ်, စေတသိက်တရားတို့က ကျေးဇူးပြုကြပုံကို ပဋ္ဌာန်းဉာဏ် ငုံမိကြ၍ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ သူငါဆိုတာ ခေါ်ကာမတ္တ အမြဲ မသားဆိုသည့်လားသို့ တင်စား၍ခေါ်ပေါ်ကြသည်ကို မျက်စိလယ်, လမ်းမမှားကြဘဲ သက္ကာယ မျက်လှည့်သမားကို အဆုံးစွန် ပယ်ရှားနိုင်ကြပါစေ – ဝမ္မအဆွေ ယောဂီတွေတို့။

# ၂၃။ ဝိဂတပစ္စည်း

**ကျက်မှတ်ရန်**

ဝိဂတပစ္စယော – ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## ဆောင်ထားရန်လင်္ကာ

စကြာဘုန်းလျှံ၊ နတ်ရွာစံနှင့်၊ ဆက်ခံသားမင်း
ကင်းတုံလျှင်း၊ ခေါ်ခြင်း ဝိဂတာ။

■

## တနည်းဆောင်ပုဒ်

ဘာနုနေမင်း၊ လင်းရောင်ကင်းက၊ ထွန်းလင်းစန္ဒာ
လင်းခွင့်သာ၊ ကင်းကွာ ဝိဂတခေါ်။

■

## ဝိဂတပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

နတ္ထိပစ္စည်းကို ဟောတော်မူပြီးနောက် ဝိဂတပစ္စည်းကို ဟောတော်မူပါတယ်၊ နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းတို့ဟာ တရားကိုယ် အရကျောက်များ တူကြပါတယ်၊ နတ္ထိချုပ်ပြီး တရားများက ကျေးဇူးပြုတယ်လို့ ဆိုပါတယ်၊ ဝိဂတကကင်းပြီး ကျေးဇူးပြုကြတယ်လို့ ဆိုပါတယ်၊ ချုပ်မှုနှင့်ကင်းမှုအဆို ကွဲပြားသည်သာ ထူးပါတယ်၊ အရကောက်တူကြပါလျက် ဘယ်အကျိုးငှာ ဟောရပါသလဲဆိုလျှင် ဒေသနာတော် တင့်တယ်စံပယ်စေလိုခြင်း အကျိုး၊ ဝေနေယျတို့၏ အလိုဆန္ဒအကျိုးငှာ ဤဝိဂတပစ္စည်းကို ထပ်ဆင့်ဟောရပါတယ်။

ဤဝိဂတပစ္စည်းက ဝိဂတပုဒ်ဟာ ကင်းကွာခြင်း အနက်ကို ဟောပါတယ်၊ ကင်းကွာနေသော်လဲ ကျေးဇူးပြုမှုရှိတယ်လို့ မှတ်ပါ၊ ကင်းကွာနေသော်လဲ ကျေးဇူးပြုပုံ လောကီပမာအားဖြင့် ရှင်းကြဦးစို့၊

စကြာမင်းကြီး နတ်ရွာစံပါတယ်၊ သားတော်ကြီး မင်းဖြစ်ပါတယ်၊ နတ်ရွာစံ ခမည်းတော်ကြီးနှင့် မင်းပြုသော သားတော်ဟာ ဘဝခြား နေပါတယ်၊ တစ်ဘဝစီ ဖြစ်နေပါတယ်၊ ဘဝချင်းမတူပါဘဲ အဖနှင့် သား ဘဝကင်းကွာမှုရှိနေတာကို ဝိဂတလို့ ခေါ်ပါတယ်၊ ယင်းကဲ့သို့ ကင်းကွာရသော်လဲ အဖနှင့်သား ကျေးဇူးပြုမှု မကင်းကြပါ၊ ကျေးဇူး ပြုနေပါတယ်။

တစ်နည်းပြောရလျှင် နေ့အခါမှာသာ အရောင်အလင်းပေးနိုင်တဲ့ နေမင်းကြီးသည် ဝေါယာကျွန်းသို့ ယွန်းတယ်ဆိုပါတော့၊ လပြည့်နေ့ အခါ လစန်းရတနာကြီးဟာ ရောင်ဝါရွန်းပွင့် ထွန်းလင်းခွင့် ရပါတော့တယ်၊ နေမင်းရှိနေခဲ့လျှင် လမင်း ထွန်းလင်းခွင့် မရပါ၊ လမင်း ထွန်းလင်းခွင့်ရခြင်းသည် နေမင်းနှင့် ကင်းနေလို့ပါပဲ၊ ဤကဲ့သို့ ကင်းကွာပြီး ကျေးဇူးပြုတတ်သောတရားများကို ဝိဂတ ပစ္စည်းမှာ ဟောတော်မူပါတယ်။

ကင်းကွာပြီးဖြစ်ကြပုံကို ရှင်းပြပါဦးမယ်၊ တစ်စိတ်နှင့် နှစ်စိတ် ဖြစ်ကြရာမှာ တစ်စိတ်နှင့် ကင်းပြီးအချိန်မှသာ နှစ်စိတ်ဖြစ်နေပါ တယ်၊ တစ်စိတ်ဖြစ်နေခိုက် နှစ်စိတ်ဖြစ်ခွင့်မရပါ၊ နှစ်စိတ်ဖြစ်ခိုက် တစ်စိတ်ချုပ်နေပါပြီ ကင်းနေပါပြီ၊ တစ်စိတ်ဖြစ်ချိန်က လွန်ပြီး အတိတ်ကာလ, နှစ်စိတ်ဖြစ်ခိုက်က ပစ္စုပ္ပန်ကာလ ခေါ်ပါတယ်၊ ဤ ကဲ့သို့ ကွာခြားသော်လဲ နှစ်စိတ်အား ကျေးဇူးပြုတတ်တဲ့ ဝိဂတ သတ္တိထူး ရှိပါတယ်၊ စိတ်များ ဖြစ်နေပုံများမှာ ပုတီးစေ့တွေ စီကုံး ထားတဲ့ ပုတီးကုံးကြီးမှာ လွန်စွာတူလှပါတယ်။

❖

## စိတ်ပုတီးကုံးကြီး

ရှေ့စိတ်ချုပ်ပျောက် နောက်စိတ်ပေါ်ပြန်၊
တစ်လုံးတစ်လုံး ပုတီးကုံးနေဟန်။
အစဉ်ဖြစ်မျိုး မိရိုးဖလာ၊
နိယာမ စိတ္တ သူဖြစ်ဟန်။

ဤဝိဂတပစ္စည်းမှာ စိတ်, စေတသိက်တရားများသာ ဖြစ်ချည် ပျက်ချည် နာမ်ခန္ဓာ နာမ်သံသရာ ပုတီးကုံးကြီးနှင့်တူစွာ ပုတီးကုံး စိတ်အစဉ်အတန်းကြီး ဖြစ်နေကြပါတယ်၊ ဘုရား, ရဟန္တာတို့၏ စုတိစိတ်ကိုချန်ထား၍ ပုထုဇ္ဇန်, သေက္ခတို့၏ စုတိစိတ်များမှာ ဝိဂတသတ္တိဖြင့် ပဋိသန္ဓေစိတ်အား ကျေးဇူးပြုပါတယ်၊ ပုတီးကုံးကြီးပမာ နာမ်ခန္ဓာ စိတ်ခန္ဓာတွေ မရပ်မစဲ အမြဲလည်ပတ် တလစပ် ဖြစ်နေမှုသာ အမှန်ဟုတ်သည်ဟု ပဋ္ဌာန်းဉာဏ် အစွမ်းကုန်ဖွင့်လျက် စိတ်တရားတို့၏ ဘင်စွန်းမြင်ပါက (သဿတဒိဋ္ဌိ) ဘေးဆိုးနှင့် ဝေး၍ စိတ်တို့၏ ဥပါဒ်အစကို မြင်ပါလျှင် (ဥစ္ဆေဒဒိဋ္ဌိ) ရန်သူမှ လွတ်မြောက်ပြီးလျှင် ဖြစ်ပျက်အစဉ် နာမ်ခန္ဓာဖြစ်အင်ကို တွင်တွင်ကြီး ရှုပွား မြတ်ယောဂီအရှင်များမှာ ငါတကား သက္ကာယကို တဆံချည် သူမပါရအောင် အနတ္တာ သာသနာစခန်းသို့ အမြန်ဆုံးတက်လှမ်း နိုင်ကြပါစေ – ဓမ္မအဆွေ ယောဂီတွေတို့။

# ၂၄။ အဝိဂတပစ္စည်း

## ကျက်မှတ်ရန်

အဝိဂတပစ္စယော - မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

■

## ဆောင်ထားရန်လင်္ကာ

မြင်းမိုရ်တောင်နှင့်၊ ပင်မင်းရကွေ့၊ မကင်းပေ ခေါ်လေ အဝိဂတ။

■

## တစ်နည်းဆောင်ထားရန်

ကြီးကျယ်နက်ဝှမ်း၊ သမုဒ်စွမ်းကြောင့်၊ ရှင်လန်းငါးတွေ့၊ မကင်းပေ၊ ခေါ်လေ အဝိဂတာ။

■

## အဝိဂတပစ္စည်း အဓိပ္ပါယ် ရှင်းလင်းချက်

ပဋ္ဌာန်းဥဒ္ဒေသအစဉ်မှာ နောက်ဆုံး အဝိဂတပစ္စည်း ပဋ္ဌာန်းနည်းကို အပြီးတိုင်လေ့လာကြပါဦးစို့၊ ပြီးခဲ့တဲ့ အတ္ထိပစ္စည်းနဲ့ ယခု အဝိဂတပစ္စည်း ၂-ပါးဟာ တရားအရကောက် တူကြပါတယ်၊ ထိုသို့ တူကြပါလျက် ဘယ်အကျိုးငှာ ထပ်ဆင့်ဟောရပါသလဲဆိုလျှင်

ဒေသနာဝိလာသအကျိုး, ပုဂ္ဂလဇ္ဈာသယအကျိုးငှာ ဟောတော်မူရပြန်ပါတယ်။

ဤအဝိဂတပစ္စည်းမှာ မကင်းဘဲဖြစ်ပြီး ကျေးဇူးပြုလေ့ရှိတဲ့ ဥပမာတစ်ခုကို တင်ပြပါဦးမယ်၊ မြင်းမိုရ်တောင်ကြီးနှင့် တောင်ပေါ်မှာ ပေါက်ရောက်ကြတဲ့ သစ်ပင်များဟာ အချင်းချင်းမကင်းကြဘဲ ကျေးဇူးပြုကြပါတယ်၊ ဒါဟာ မကင်းဘဲ ကျေးဇူးပြုနေကြပုံတွေပါပဲ၊ ၎င်းဥပမာအပြင် ဥပမာတစ်ခု ပြောပြပါဦးမယ်၊ သမုဒ္ဒရာထဲမှာ ရေများစွာ ရှိကြပါတယ်၊ ၎င်းသမုဒ္ဒရာရေကို အစွဲအမှီပြုပြီး ကြီးပွားရတဲ့ ငါး, လိပ်, မကာရ်း စတဲ့ ရေသတ္တဝါတွေလဲ ရှိလာရပါတယ်၊ သမုဒ္ဒရာရေနှင့် ငါးစသော သတ္တဝါများဟာ မကင်းကြဘဲ ဖြစ်လေ့ရှိကြပါတယ်။

